http://www.dhammadownload.com

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဒေယျဓမ္မသာမိထေရ်

# နီတိနှင့်ပီတိ

## ဘဝ၏ ရွှေစည်းမျဉ်းများ



- ပြောသမျှအောင်၊ ဆောင်သမျှမြောက်၊ ထင်တိုင်းပေါက်စေဖို့ လောကကိုထွင်းဖေါက်ရှုမြင်သုံးသပ်ဆင်ခြင်ညွှန်ပြချက်များ၊
- ရွှေလိုဆောင်ပြီး မြွေလိုရှောင်ရမည့် ဘဝအောင်မြင်ရေးလမ်းညွှန်သော့ချက်များ၊

မောင်သွေးချွန်
စုစည်းပူဇော်သည်

http://www.dhammadownload.com

နမောတေ ဗုဒ္ဓဝီရတ္ထု။

သုဝဏ္ဏသျှမ် စာစဉ်

# မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီ ဥဇ္ဈယျဓမ္မသာမိထေရ်၏

# နီတိနှင့်ပီတိ

## ဘဝ၏ ရွှေစည်းမျဉ်းများ



မောင်သွေးချွန်
စုစည်းပူဇော်သည်

*designed by ko zin & aike moon 2001*

http://www.dhammadownload.com

## အမိဗွာန်

အဖကိုယ်စား သာသနာထား၍
အမိကိုယ်စား နိုင်ငံထား၍
ချစ်သားပြုစု လုပ်ကျွေးမှုဖြင့်
နုရာမှရင့် ရင့်ပြီးပွင့်အောင်
ဖွဲ့ဖြင့်နှောင်
ကျင့်ဆောင် အားသစ် ရပါစေ။

မောင်သွေးချွန်

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်
၇၄၊ သာယာအေးလမ်း (၃)ရပ်ကွက်၊
မရမ်းကုန်း ရန်ကုန်မြို့
ဖုန်း - ၆၆၀၆၇၀

http://www.dhammadownload.com


ပထမအကြိမ်

၁၃၆၃ ခုနှစ်၊ ပြာသိုလ
၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ

စာမူခွင့်ပြုချက်အမှတ် – ၆၀၈/၂၀၀၁(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၆၃/၂၀၀၁(၁၀)
အုပ်ရေ – ၁၀၀၀
မျက်နှာဖုံး – ကိုဇင်+အိုက်မွန်း
စာစီ – K ZAW DTP
အတွင်းဖလင် – AZ
စာအုပ်ချုပ် – ကိုတင်အေး(လှိုင်)

ထုတ်ဝေသူ
ဦးညွန့်ဌွေး (စိန်ပန်းမြိုင်စာပေ)
၂၃–အေ၊ ဦးကောင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (မြ–၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်–၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဒေါ်ထားထားကြည် (မြ–၀၆၀၁၃) ထင် အော့ဖ်ဆက်
အမှတ်–၃၇၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်လုပ်ရေးအဖွဲ့
အိုက်မွန်း၊ ငြိမ်းချမ်းသာ၊ နန်းစုစန္ဒာစိုး

တန်ဖိုး - ၅၀၀ ကျပ်

မွမ်းမံဖန်တီးမှု ‹– အိုက်မွန်း

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ပိရတ္တု

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ် - ၁၄

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီဥေ ယျမမ္ဘသာမိထေရ်
၏

# နီတိနှင့်ပီတိ

## ဘဝ၏ရွှေစည်းမျဉ်းများ

မောင်သွေးချွန်
စုစည်းပူဇော်သည်။

http://www.dhammadownload.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး
နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

http://www.dhammadownload.com



မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီဦးယျဓမ္မသာမိထေရ်

http://www.dhammadownload.com

## ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ထုတ်ပြန်တော်မူသော ဝါဆိုတော်စဉ်အညွှန်း

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၄၁ | ရန်ကုန် | သာသနာ့ဗိမာန် | ရဟန်းဖြစ်စနှစ် |
| ၂ | ၁၃၄၂ | သာစည် | ရွှေကျောင်းကုန်းတောင် | တောထွက်စနှစ် |
| ၃ | ၁၃၄၃ | ဖင်းကျိုက် | ဖင်းကျိုက်တောင် | |
| ၄ | ၁၃၄၄ | ဖင်းကျိုက် | မင်းတစ်ရာတစ်ပါးတောင် | သုံးဝါ |
| ၅ | ၁၃၄၅ | ဖင်းကျိုက် | ကျောက်ခမောက်ဂူ | |
| ၆ | ၁၃၄၆ | ဖူးကြီး | သံသုမာရတောင် | နှစ်ဝါ |
| ၇ | ၁၃၄၇ | ဖူးကြီး | သံသုမာရတောင် | |
| ၈ | ၁၃၄၈ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | နှစ်ဝါ |
| ၉ | ၁၃၄၉ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | |
| ၁၀ | ၁၃၅၀ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၁ | ၁၃၅၁ | သာစည် | ရွှေကျောင်းကုန်း | သုံးဝါ |
| ၁၂ | ၁၃၅၂ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၃ | ၁၃၅၃ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၄ | ၁၃၅၄ | ပျဉ်းမနား | လက်လုပ်တောင် | သုံးဝါ |
| ၁၅ | ၁၃၅၅ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၆ | ၁၃၅၆ | သုဝဏ္ဏသျှံ | ဘုန်းတော်ပြည့်တောင် | သုံးဝါ |
| ၁၇ | ၁၃၅၇ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | (ရှမ်းပြည်နယ် |
| ၁၈ | ၁၃၅၈ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | မိုင်းပျဉ်း) |
| ၁၉ | ၁၃၅၉ | ဓာတ်မြေ | နတ်တလူ | တစ်ဝါ |
| ၂၀ | ၁၃၆၀ | ပြင်ဦးလွင် | ဝေဒလ္လ | တစ်ဝါ၊<br>(ဒီးဒုတ်ဒုဌာအနီး) |
| ၂၁ | ၁၃၆၁ | ဂန့်ဂေါ | မဇ္ဈိမ ဓမ္မမောနိဂူ | တစ်ဝါ<br>(လယ်ဓမ္မအနီး) |
| ၂၂ | ၁၃၆၂ | ဂန့်ဂေါ | မောနေယျတော | (စကားရွာအနီး) |

http://www.dhammadownload.com

## ခေတ္တ သီတင်းသုံးခဲ့ဖူးသော နေရာများ

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| (က) | ၁၃၄၃ | ဖင်းကျိုက် | ရသေ့မဂူ | သုံးလခန့် |
| (ခ) | ၁၃၄၅ | ဖင်းကျိုက် | ဖရုံညှာစခန်း | တစ်လ (ပန်းကုန်းရွာအနီး) |
| (ဂ) | ၁၃၄၉ | မိတ္ထီလာ | တောင်စဉ် | တစ်လ |
| (ဃ) | ၁၃၆၀ | ကျောက်ဆည် | ကျောက်ထီးတောင် | နှစ်လ |
| (င) | ၁၃၆၁ | ပုလဲ | ဝါးသုံးရုံစခန်း | ၇၂-ရက် |

http://www.dhammadownload.com

# မာတိကာ


* အမှာစာ
- ကာမလွန် ဓမ္မ ၁
- ဖလံပိုးနှင့် ငရုတ်ပိုး ၁၁
- ဘုံစာနှင့် လူစာ ၁၉
- အပြောနှင့် သဘော ၂၉
- အပျော်မှ အပျက်သို့ ၃၇
- ကမ်းနစ်ဖက် ၄၇
- အကောင်းမှ အကောင်းဆုံးသို့ ၅၇
- အကောင်းဆိုတာ တကယ် ကောင်းရဲ့လား ၆၇
- နှစ်ကိုယ်ကြား နှစ်ဖက်မြင် ၇၅
- အောင်မြင်ရေး၏ သော့ချက်များ ၈၅
- လူနှင့် အလုပ်၊ အလုပ်နှင့် အသိ ၉၅
- ဘဝ၏ ရွှေစည်းမျဉ်းများ ၁၀၇
- ဘဝနေနည်း ကြီးပွားရေးလမ်းညွှန် သြဝါဒများ ၁၁၉


*

http://www.dhammadownload.com

## နမော တဿ ဗုဒ္ဓ ဝိရုဠှ

# အမှာစာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော် ဘုရားကြီးသည် ဓမ္မာ ဝါဒ ကထာ၊ ပဋိပက္ခ ဥဒ္ဒေသကကထာ၊ ပဋိဘာနဉာဏ ဒဿန ကထာစသော ခန့်ညား လေးနက်လှသည့် ကျမ်းကြီး ကျမ်းခိုင်များကို ပြုစုပေးတော်မူသကဲ့သို့ 'သာရဏီယ ကထာ' ဟု ခေါ်သော ဓမ္မ အကျဉ်းပြ နီတိ စကားများကိုလည်း ရေးသား ပေးသနားတော် မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ နီတိများမှာ လောက ဓမ္မ

http://www.dhammadownload.com



နှစ်ဌာနလုံးကို ရည်ညွှန်းသည်။ လောကပိုင်းတွင် ကာမ၊ ဘာဝ၊ မိတ္တ စသည်တို့အတွက် လမ်းညွှန် တော်မူ၍ ဓမ္မပိုင်းတွင် အမျိုးဘာသာ ကာကွယ် စောင့်ရှောက်ရေး၊ သာသနာ့ ဝန်ထမ်းတို့ လျှောက်ရ မည့် လမ်း စသည်တို့ကို ညွှန်ပြတော်မူပါသည်။

ယခု ကျွန်တော် ရွေးကောက် စုစည်းသော နီတိ များမှာ လောကပိုင်း ဆိုင်ရာများကို သီးသန့် ရည်ညွှန်းပါသည်။ ကျွန်တော်၏ စုစည်းမှုတွင် ၁၉၉၆၊ အောက်တိုဘာလထုတ် 'သာရဏီယ ကထာ' နှင့် ၁၉၉၉၊ ဇူလိုင်လထုတ် 'သာရဏီယ ကထာ' တို့ကို အားပြု ထုတ်နုတ် ညွှန်းဆိုကြောင်း ဝန်ခံလိုပါသည်။ အမှားအယွင်း တစ်စုံတစ်ရာ ရှိခဲ့ ပါက ကျွန်တော်၏ တာဝန်သာ။

ဆရာတော်ဘုရားကြီး၏ နီတိများကို သဘော တူရာ ရွေးစု၍ ခေါင်းစဉ်ငယ် တစ်ခု ပေးကာ သဘင် အနုပညာဂျာနယ်တွင် အပတ်စဉ် ဆိုသလို ဖော်ပြခဲ့ပါသည်။ ဖော်ပြပေးခဲ့သော တာဝန်ခံ အယ်ဒီတာ ညီငယ် နွယ်ဦးလှိုင်ကို ကျေးဇူးတင်ရ ပါသည်။

သုဝဏ္ဏသျှမ်တစင်

http://www.dhammadownload.com

## နိတိနှင့် ပိတိ သို့မဟုတ် ဘဝ၏ ရွှေစည်းမျဉ်းများ

ဆရာတော်ဘုရားကြီး၏ နိတိများကို ဖတ်မှတ်ဆင်ခြင်၍ ဆိုင်ရာ ဆောင်းပါးများတွင် နိတိ၏ သဘောကို အလျဉ်းသင့်သလို ဖွင့်ဆိုပေးထားပါသည်။ ဆရာတော်ဘုရားကြီး၏ နိတိများတွင် ကဗျာသဘောနှင့် ဒဿနသဘောတို့ကို ထင်ရှားစွာ တွေ့ရမည် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ နိတိများကို နှလုံးသွင်း ဆင်ခြင်၍ **နိတိဟူသည် ကဗျာနှင့် ဒဿနတို့၏ အပေါင်းအစု** ဖြစ်သည်ဟုလည်း ကျွန်တော် ဆိုချင်ပါသည်။

အမှန်စင်စစ်တော့ နိတိ စာပေဟူသည် ကမ္ဘာ့စာပေ၏ ကလလ ရေကြည်လည်း ဖြစ်သည်။ ခက်မငါးဖြာလည်း ဖြစ်သည်။ အသည်းနှလုံးလည်း ဖြစ်ပါတော့သည်။ တရုတ်၊ အင်္ဂလိပ်၊ ဟိန္ဒူ စသော ကမ္ဘာ့စာပေ အသီးသီးတွင် နိတိစာပေသည် ကူးချည်သန်းချည်အားဖြင့် ယနေ့တိုင် အားကောင်း မောင်းသန် ရှင်သန်လျက် ရှိလေသည်။ ရှေးက တက္ကသိုလ်ကြီးများတွင် 'နိတိအတတ်' ကို တကူးတက သင်ယူကြရသည်။ အတတ်ပညာကြီး ၁၈ ရပ်တွင် နိတိသည် သော့ချက် ဖြစ်ခဲ့သည်။ ဘုရင်များ၊ မင်းညီမင်းသားများ သီးသန့် သင်ယူခဲ့ရသည်။

http://www.dhammadownload.com



ခရစ်နှစ် ၃၂၀ ခန့်က မေရိယဝံသ မင်းဆက်တွင် ထင်ရှားသည့် စန္ဒဂုတ် မင်းကြီးသည် စာဏကျ သုခမိန်၏ နီတိများကို လိုက်နာ ကျင့်ကြံသဖြင့် ဘုရင် ဖြစ်ခဲ့သည်ဟု ဆိုသည်။ သူ ဘုရင်ဖြစ်လာသောအခါ သူ့ ဆရာ၏ နီတိများကို မှတ်တမ်းတင်စေခဲ့ရာ မျက်မှောက်ကာလသို့တိုင်အောင် 'စာဏကျနီတိ' အဖြစ် ကမ္ဘာကျော်လျက် ရှိပေသည်။

နီတိသည် ဥစ္စာစည်းစိမ် ရကြောင်း၊ လိမ္မာယဉ်ကျေးကြောင်းနှင့် ကောင်းရာသို့ ဆောင်ပို့ တတ်ရကား အမြိုက်ဆေးဟူ၍ပင် ကမ္ဘာတွင် ထင်ရှားခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပင်းယခေတ် တစီးရှင်သီဟသူမင်းလက်ထက် သီရိမဟာ စတုရင်္ဂဗလ အမတ်ကြီး ပြုစုခဲ့သော 'လောကနီတိ' ကျမ်းသည် ရှေးဦးကျလှ၍ ယခုတိုင်လည်း ပညာရှင်များ အားထားရ ဖွင့်ဆိုလျက်ရှိကြသော ကျမ်းရင်း တစ်စောင် ဖြစ်ပါသည်။

'လောကနီတိသည် လူသား၏ အမြဲ သုံးစွဲရမည့် အမြတ်ရတနာလည်း ဖြစ်ပေသည်။ ထာဝစဉ် မျက်ခြည်ပြတ် မခံဘဲ သွန်သင် ဆုံးမ နည်းလမ်း

http://www.dhammadownload.com



ပြသနေသည့် မိဘလည်း ဖြစ်၏။ သွန်သင်ညွှန်ကြား ဆရာသမားလည်း ဖြစ်သည်။ ထာဝစဉ် ပေါင်းသင်း ရမည့် မိတ်ကောင်း ဆွေမွန်လည်း ဖြစ်ပေသည်'ဟု ကဝိဒပ္ပန နိတိကျမ်းပြု ဆရာတော်အရှင်ကေလာသ ၏ မိန့်ဆိုချက်ကို အလေးအနက် နှလုံးသွင်း၍ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ **'ယနေ့ခေတ်၏ နီတိသစ်များ'** ကို ဖတ်မှတ်စေလို ပါသည်။

ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကမူ ဤသို့ နှိမ့်နှိမ့်ချချ ဖော်ပြခဲ့ပါသည်။

'ဓမ္မစက္ခု ပိုင်ဆိုင်တော်မူပြီးကြသော အရိယာ ကြီးတို့၏ ဆိုစကားကို သံစဉ်အားဖြင့် လဲလှယ်၍ ဘာသာပြန်ပေးထားခြင်းတည်း။ တစ်ဖန်လည်း ငါတို့နှင့် ပတ်သက်သည့် ဝေနေယျတို့နှင့် တွေ့ဆုံ ခွင့် ရလေတိုင်း ငါတို့ ပြောခဲ့သမျှ စကားစဉ်ထဲမှာ အများတို့ မှတ်သားဖွယ် ကောင်းမည့် စကားရပ် တို့ကို သီးခြား ထုတ်နုတ်၍ မှတ်တမ်းတင်ထားခြင်း တည်း။

('၉၆၊ အောက်တိုဘာထုတ် သာရဏီယကထာ ပဏ္ဏာမနှင့် ပဋိညာဉ်မှ)

http://www.dhammadownload.com



'ခေတ်ကာလ အချိန်အခါတို့ လိုက်၍ ၎င်းတို့ နားလည် လွယ်မည့် စကားတို့ကို သုံးနှုန်းထားခြင်း' ဖြစ်ကြောင်းကိုလည်း သတိပြုစေလိုပါသည်။ ဤ နီတိများ၏ ကျေးဇူးပြုမှုဖြင့်

**'တွင်ကျယ် ကိစ္စ အဝဝတွင် ပြောသမျှအောင် ဆောင်သမျှ မြောက်၊ ထင်တိုင်း ပေါက်ကြောင့် လောက်လောက်လားလား လူတစ်လွှား၊ သင့်အား ကဝိဆို'** ဟု ဖော်ပြထားသည့်အတိုင်း အသိပညာ အရာတွင် သိသာ ထူးခြား တိုးတက်မှုနှုန်း ကြီးထွား လိမ့်မည်ဟု ယုံကြည် မျှော်လင့်ပါသည်။ ထို့ကြောင့် ဤနီတိများကို 'ရွှေလိုလျှင်ဆောင် မြွေလိုရှောင် လော့' ဟု ဆရာတော်ဘုရား ညွှန်ပြတော်မူပါ သည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ နီတိ များသည် ဘဝ အောင်မြင်ရေးအတွက် ဆောင်ရန် ရှောင်ရန်များကို ပေးစွမ်းနိုင်သော **ဘဝ၏ ရွှေစည်းမျဉ်းများ** အဖြစ်လည်း မှတ်သား လိုက်နာ ကျင့်ဆောင်ကြစေ လိုပါသည်။

ဤစာအုပ်တွင် 'နီတိနှင့် ပီတိ' ဆောင်းပါးစဉ် များအပြင် သဘောတူရာ ဆောင်းပါးများပေါင်းဖြည့်

http://www.dhammadownload.com

နိတိနှင့် ပီတိ သို့မဟုတ် ဘဝ၏ ရွှေစည်းမျဉ်းများ

လျက် အားသစ်လောင်း အောင်ကြောင်း ဖြာဝေ စေလိုက်ရပါသည်။

သုခိတာ ဟောထ ဒုက္ခာ မုဥ္စထ

လေးစားစွာဖြင့်

မောင်သွေးချွန်

၁၃၆၁ ခု၊ နတ်တော်လဆန်း ၁ ရက် (တနင်္ဂနွေ)

၇၄၊ သာယာအေးလမ်း၊ ၃ ရပ်ကွက်၊

မရန်းကုန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း -၆၆၀၆၇၀

http://www.dhammadownload.com

# ကာမလွန်ဓမ္မ

နီတိသည် ဒဿန သဘော ဖြစ်၍
ပီတိသည် ရသသဘော ဖြစ်သည်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ 'ဓမ္မသဘာဝ အကျဉ်းပြ နီတိစကား' များကို နာကြားရသောအခါ သန့်ရှင်း ကြည်လင်သော ပီတိ ဖြစ်ပေါ်လာသည်။ ထိုပီတိသည်ပင်လျှင် 'ဓမ္မရသ' ဖြစ်ပါတော့သည်။ ဆရာတော်ဘုရားကြီးသည် ဓမ္မောဝါဒကထာ၊ ပဋိဘာနဉာဏ ဒဿန ကထာ စသော ကျမ်းကြီး ကျမ်းခိုင်ပေါင်း များစွာ

http://www.dhammadownload.com



ကို ပြုစုပေးတော်မူသကဲ့သို့ 'သာရတ္ထိယကထာ' ဟု အမည်ပေးထားသော အတိုအထွာ နီတိစကားများ ကိုလည်း ရေးသား ပြုစုပေးတော်မူခဲ့သည်။

နီတိဟူသည် ပညာရှိ ကဝိတို့၏ မှာတမ်းလည်း ဖြစ်သည်။ လောက၏ ဓလေ့ ထုံးတမ်းလည်း ဖြစ်သည်။ စည်းကမ်း ဥပဒေသဟု ယူသော် ရကောင်းသည်။ နီတိသည် လောကနှင့် မည်မျှ နီးစပ်ပါသနည်းဆိုသော် 'လောကနီတိ' ဟူသော အလွန်ထင်ရှားသော ကျမ်းက သက်သေခံနေသည်။ နီတိသည် ပြည်သူနှင့် မည်မျှ နီးစပ်ပါသနည်းဆိုသော် 'ပြည်သူ့နီတိ' ဟူသော စကားက သက်သေခံနေသည်။ ပြည်သူတို့ ကျင့်ဆောင်ဖွယ် ဖြစ်သောကြောင့် 'ပြည်သူ့နီတိ' ဟု ဆိုရသည်။ နီတိသည် ပါဠိစကား ဖြစ်၍ 'လမ်းညွှန်' ဟု အဓိပ္ပာယ် ရသည်။ နီတိသည် 'လောကမွေ့' နှစ်ဌာနလုံးကို လမ်းညွှန်သည်။

နီတိသည် အရိုင်းကို ယဉ်စေသည်။ အမှောင်ကို လင်းစေသည်။ နီတိ မသိသေးသမျှ ပညာရှိ မဖြစ် (ဝါ) လူမိုက်အဆင့်က မတက်လှမ်းနိုင်။ နီတိကို မခံစားဘူးသေးသမျှ လူတစ်ယောက်၏

http://www.dhammadownload.com



ခံစားမှု အဆင့် မမြင့်သေးဟု ဆိုနိုင်ရာသည်။ နီတိသည် ဆင်ခြင်တုံတရားနှင့် အတွေးအခေါ် ထက်မြက်ရေးကို သင်ကြားပေးသည်။ နီတိမှ တစ်ဆင့် ပွင့်လာရသော ပီတိ ပန်းကလေးများကလည်း လန်းလန်းဆန်းဆန်း ရှိလှပါသည်။

ခေတ်အဆက်ဆက် ကျွန်တော်တို့ ဖတ်မှတ်ခွင့်ရခဲ့သော 'လောကနီတိ' သည် အိန္ဒိယနိုင်ငံ သက္ကတဘာသာမှ လာသည်ဟု ဆိုသည်။ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ နီတိစကားတို့ကား ဆရာတော်ဘုရားကြီး၏ နှလုံးသားမှ စိမ့်စမ်းပမာ စီးစိမ့် ပေါ်ထွက်လာသော **'ကိုယ်ပိုင်နီတိ'** များ ဖြစ်၏။ တစ်နည်းအားဖြင့် **ခေတ်သစ်နီတိများ** ဟုဆိုနိုင်ပါ၏။ ဤခေတ်သစ် နီတိများပင်လျှင် **'ခေတ်သစ်စကားပုံ'** သဘောကို အခိုင်အမာ ဖော်ဆောင်နေသည်ဟု နားလည် ခံယူမိပါ၏။ ဥပမာ

## အနမ်းက ငြိမ်းဖြစ် ငြိမ်းက အလွမ်းဖြစ်

ခွေးသည် မစင်ပုံကို နမ်းပြီးမှ စား၏။ သို့သော် ၎င်း၏ နမ်းခြင်းကား အနံ့ ကောင်းဆိုး သိရန် ကိုသာ။

http://www.dhammadownload.com



နွားသည် မြက်ကို နမ်းပြီးမှ စား၏။ သို့သော် ငင်း၏ နမ်းခြင်းကား တော် မတော် သိရန်ကိုသာ။

လူတို့၏ နမ်းခြင်းကား ထိုသို့ မဟုတ်ပြီ။ မိမိ အလွန် မြတ်နိုးလှစွာလွန်း၍ တွယ်တာနေကြောင်း ပြခြင်းပင်။

ထိုအနမ်းသည် ကာယကံမြောက်ရန်အတွက် ငြိမ်းတည်း။

ထိုငြိမ်းကား ကာယကံ မြောက်ခွင့် မရရာ ကာလ အလွမ်းသို့သာ။

[ '၉၉ ရှုလိုင်ထုတ် သာရဏီယကထာ စာ ၅၈]

အထက်ပါ ကောက်နုတ်ချက်ကို ကြည့်ခြင်းအားဖြင့် ဆရာတော် ဘုရားကြီးသည် လောကသဘာဝကို ခြေခြေမြင်မြစ် နှိုက်ချွတ်၍ စစ်စစ်ပေါက်ပေါက် ထွင်းဖောက် ရှုမြင် ထားကြောင်း သိသာလှပါသည်။ လူ့ဘုံသည် ကာမဘုံသာ ဖြစ်ရာ လောကသည်လည်း ကာမ လောကသာ ဖြစ်ပါသည်။ ကာမ ဆိုသဖြင့် ဖိုမ ကူးလူး ဆက်ဆံမှု လောက်ကိုသာ အပေါ်ယံ အမြင်မျိုးဖြင့် မမြင်သင့်ပါ။ ကာမ၏ အဓိပ္ပာယ်သည် လိုအင်ဆန္ဒ ဟူ၍

http://www.dhammadownload.com



လည်း ဖွင့်ဆိုထားလေရာ ပုပုရွရွ ဟူသမျှတို့သည် ကာမတည်းဟူသော လိုအင်ဆန္ဒနှင့် မကင်းကြပါချေ။ ရှေးအခါက 'ကာမဝတ္ထု အစုစု' ဟူ၍ သုံးနှုန်းသည်။ ထို ကာမဝတ္ထု အစုစုမှာ ယခုအခါ ခေတ်ပေါ်ပစ္စည်းများ ဖြစ်လာသည်။ တီဗွီ၊ ဗီဒီယို၊ ကွန်ပျူတာ စသည်တို့သည် ကာမဝတ္ထုများသာတည်း။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် ခေတ်ကိုလည်း ထွင်းဖောက် ရှုမြင်၍ ကြည့်သည်။ လောကကိုလည်း အတွင်းအပြင် လှန်၍ ကြည့်သည်။ ကာမဘုံသားတို့၏ ကာမသဘာဝမှ ဓမ္မ အဆီအနှစ်ကို ထုတ်ပြသည်။ ဤသည်ကို ကာမလွှန်ဓမ္မဟူ၍လည်း ဆိုလေ့ ရှိသည်။ ကြာသည် ရွှံ့နွံမှ ပေါက်ဖွားရသော်လည်း ရွှံ့နွံတို့ဖြင့် မလိမ်းကျံသကဲ့သို့ သစ္စာဓမ္မသည် ကာမဘုံမှ ထုတ်ပြရသော်လည်း ကာမ အညစ်အကြေးတို့မှ ကင်းစင်သည်။ အမှန်စင်စစ်တော့ ကာမကို သုံးသပ်ခြင်းသည် 'ကိုယ့်ကိုယ်ကိုယ် ရှုမြင်ခြင်း' ပင် ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ နီတိများသည် ကိုယ့်ကိုယ်ကိုယ် တွေ့ရှိအောင် အထူးသဖြင့် လမ်းညွှန် လမ်းပြထားသည်ဟု ဆိုရပါမည်။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး၏ ဓမ္မ အကျဉ်းပြ နိတိ စကားများတွင် ဘာသာ၊ သာသနာနှင့် ပတ်သက်သော လမ်းညွှန်ချက်များလည်း ပါသည်။ ကြီးပွားရေး လမ်းညွှန်ချက်များလည်း ပါသည်။ ကာမသဘာဝ ဖော်ထုတ်ချက်များလည်း ပါသည်။ ဆရာတော်ဘုရားကြီးသည် သာရဏီယကထာများကို အလျဉ်းသင့်သလို ပြုစုပေးခဲ့ရာ ၁၉၉၆၊ အောက်တိုဘာလက 'ကိုယ့်ကိုယ်ကိုယ် ရှုမြင်ခြင်း' နှင့် 'လောကကို ထွင်းဖောက် ရှုမြင်နည်း' နှစ်အုပ် ထွက်ခဲ့ပြီး ဖြစ်သည်။ ယခုနှစ် '၉၉ ဇူလိုင်တွင် ပျဉ်းမနားလက်လုပ်တောင် သာသနာတော် သာဟိကာ အသင်းမှ ကျန်ရှိနေသော အတွဲ သုံးကို ထုတ်ဝေဖြန့်ချိခဲ့သည်။

ကျွန်တော်တို့နှင့် အနီးကပ်ဆုံး ဖြစ်သော သုံးသပ် ဆင်ခြင် ထင်မြင်လွယ်သော နွံထဲက ကြာဟု ဆိုအပ်သော ကာမလွန် ဓမ္မပိုင်းကို သီးသန့်ရွေးကောက် တင်ပြပါမည်။ နီတိသည် ကဗျာကဲ့သို့ စကားလုံး အားကောင်းကောင်းဖြင့် ကျစ်ကျစ်လျစ်လျစ် ဖော်ပြတတ်လေရာ တစ်ကြိမ်ထက် ပိုပြီး

http://www.dhammadownload.com



ဖတ်လျှင် ဖတ်သလောက် ထွင်းဖောက် ရှုမြင်ကာ ဆင်ခြင် သုံးသပ်အား ကောင်းလာပြီး နှစ်သက် သဘောကျခြင်းတည်း ဟူသော ပီတိကိုလည်း ဖြစ် စေပါလိမ့်မည်။

ကာမဘုံမှာ ကျွန်ုပ်တော်တို့ ဘယ်ပုံ ကျင်လည်နေ သည်ဆိုတာကို ဆရာတော်ဘုရားကြီးက ဤသို့ ဖော်ပြခဲ့ပါသည်။

## သွေးပျက်ကောင်း အစောင်း ကမ်းမမြင်

အာရုံတို့တွင် ကာမအာရုံနှင့် ဓမ္မအာရုံဟူ၍ နှစ်မျိုး၊ ကာမအာရုံ၌ပင် အတွင်းဆိုက်နှင့် အပြင် ဆိုက် ဟူ၍ နှစ်မျိုး ထိုသို့ ကွဲပြားနေကြလေရာ

ဓမ္မအာရုံသည် သဒ္ဒါသွေးမျှကိုသာ ထုတ်၍ မနော အကြည်ဓာတ်မျှသာ လှုပ်လေရာ အခြေမပါ သဖြင့် မရေမရာမျှသာ။

ကာမ အာရုံသည်ကား တဏှာသွေးမှ တဏှာ စေးကို ထုတ်လှုတ်လျက်က အသွေးစုံ၊ အသားစုံ ခြင်ဆီကုန်အထိ တုန်လှုပ် ချောက်ချား သွားစေရာ

http://www.dhammadownload.com



- ကောင်းသလောက်စောင်း အတောင်း မရပ်ပြီ
- တောင်းသလောက်ပေး အကျွေး မရပ်ပြီ
- ကျွေးသလောက်ပျက် အဆက် မရပ်ပြီ

[ '၉၉ ရှုလိုင်၊ သာရဏီယကထာ စာ ၁၀ ]

ဆရာတော်ဘုရားကြီး ရွေးချယ် သုံးနှုန်း သော စကားလုံးများကို စေ့စေ့စပ်စပ် ဖတ်ကြည့်စေလိုပါသည်။ စကားနောက်မှာ တရားပါနေသည်ကို ထင်လင်းစွာ တွေ့မြင် ဆင်ခြင်နိုင်ကြပါလိမ့်မည်။ ဘဝသနစ်၏ ကာမပြစ်ကို ဆရာတော်ဘုရားကြီးက ဤသို့ ဆက်၍ ဖော်ထုတ် ရှုမြင်စေပါသည်။

## တစ်ချက်စောင်း လျှောင်းတစ်သက်လုံး

ကာမအတွေ့၏ အငွေ့ဟပ်မှုသည် အမေ့ဓာတ်ကို ဖန်ဆင်းပေးလေ့ ရှိရာ တစ်ချက်စွဲက တစ်သက်လုံးပင် လဲကျစေနိုင်သည်။

ယနေ့ ကာမ လောကသား အားလုံး၏ မျက်စိမှိတ် ပေါင်းသင်း နေရခြင်း မှန်သရွေ့ အတွေ့

http://www.dhammadownload.com



တစ်ချက်၏ အငွေ့ အသက် ဟပ်ရာတွင် အမေ့ ခါတင် ခံရခြင်းကြောင့်ပင် မဟုတ်လော။ ။

(ငှင်း စာ ၁၃)

http://www.dhammadownload.com

# ဖလံပိုးနှင့်ငရုတ်ပိုး

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် ခက်ခဲ နက်နဲသော တရားသဘောတို့ကို လွယ်ကူ ရှင်းလင်းအောင် အာဝဇ္ဇန်း ကောင်းကောင်းဖြင့် ဟောပြောလေ့ ရေးသားလေ့ ရှိကြောင်း ကျွန်တော် မကြာခဏ ဖော်ထုတ်ခဲ့ပါသည်။ ကာမဂုဏ်ကြော မျောပါနေသူများကို ဤသို့ လှလှပပ သတိပေးတော်မူပါသည်။

သုဝဏ္ဏသျှမ်းစာစဉ်

http://www.dhammadownload.com



## လှ၍ချစ် အဆစ် မတောင်းနှင့်

မျက်စိဖြင့် ရှုရသော အလှဝတ္ထု မျက်စိ အရသာခံမှုဖြင့် ပြီးပြေရာ၏။

သည့်အတူ နားဖြင့်၊ နှာဖြင့်၊ လျှာဖြင့်၊ ကိုယ်ဖြင့်၊ ကြားရုံ၊ နမ်းရုံ၊ လျက်ရုံ၊ တွေ့ထိ ပွတ် သပ်ရုံ ခံစားခွင့်ရ အလှဝတ္ထုများကိုလည်း ထို့ထက် မပိုသင့်။ အကယ်တိတိ ကြည့်ရုံမျှဖြင့် အားမရ၊ အဆင်းပြ အလှ၏ တည်ရာ အခင်း သူ့ကိုယ်တွင်း ကိုပါ ကွင်းဆင်း မြစ်ခြေရင်း တူးဖြိုခြင်းပမာ ချဉ်းနင်း ဝင်ရောက်မိပါသော်ကား အလှစုံ အကုန် ပျက် ခွေးစားခွက်လောက်မျှ မက်စရာ မကျန်ပြီ။

လူဖြစ် လူ့အာရုံ ခင်မင်ကြသည်သာ။ ထိုသို့ လူ့အာရုံ ခင်မင်ကြလေရာတိုင်း

အကြိုက်ကြီးခြင်း... ဝိသမရာဂ၊ အမုန်းကြီး ခြင်း... ဝိသမဒေါသ၊ ဘာဆိုဘာမျှ မသိတော့ခြင်း... ဝိသမမောဟ လူ့စိတ်စုသို့ ထိုသုံးခု တစ်ခုခု ပူးဝင် လာချေသော်

http://www.dhammadownload.com



လူချင်းတွဲလျှင်... မြဲတတ်သည်။
ခွေးချင်းဆွဲ လွဲတတ်သည်။
[ '၉၉ ဇူလိုင်၊ သာရဏီယကထာ၊ စာ ၁၉ ]

ကာမဘုံသားတို့ကား ကာမဂုဏ် အာရုံတွေ နောက် ကောက်ကောက်ပါ လိုက်ပါနေကြသည်။ ကာမဂုဏ် ခံစားခြင်းကို ချမ်းသာ သုခဟု စွဲထင်မှတ် ဂုဏ်ပြိုင်နေကြသည်။ အကာပြဲ့ပြဲ့ အနှစ်မဲ့သော ကာမဂုဏ်၏ သဘောကို ဆရာတော်ဘုရားကြီးက ဤသို့ ဖော်ထုတ်တော်မူပါသည်။

## အချည်သုဝ်နဲ့ ပွဲပြင် သွားရည်တများများ

ကာမခင်း ချဉ်ခြင်းတပ်နေသူ၏ ရှေ့အဆင်း၊ အသံ၊ အနံ့ စသည်တို့ဖြင့် နေခဲ့သော်

ဝေ့သမျှ အပြ အတွေ့ရသည်အထိ လိုက်လံ၍ ကြိုးစားနေကြရာ

အဆင်းကြိုက်သမား အဆင်းလိုက်ရင်းက ပိုက်ကြား တိုးနေကြရ၏။

အသံ ကြိုက်သမား အသံ လိုက်ရင်းက ပိုက်ကြား တိုးနေကြရ၏။

http://www.dhammadownload.com



သည့်အတူ အနံ့ကြိုက် အနံ့၊ အရသာ ကြိုက် အရသာ၊ အတွေ့ကြိုက် အတွေ့၊ အတွေး ကြိုက် အတွေးလိုက်၍ လိုက်၍ချည်း ပေးနေကြ ရသော် လည်း တော်ပြီကား မရှိ၊ ယိုစီးကြောင်း၌ မိမျော မျောလျက် နေရသည်သာ၊ ပျော်သည်လည်း မရှိ ပျော်ပြီး အပျက် ဆက်လျက် နေရသည်ချည်းသာ။

[ ၄င်း စာ–၂၃ ]

ထိုသို့ ယိုစီးကြောင်း၌ မျောပါနေတတ် သော သဘော၊ အာရုံ၏ ဖမ်းစားပုံ သဘောနှင့် လူတို့ ဘယ်ပုံ ခံစားရပုံကို အဆင့်ဆင့် ပြဆို ထားပါ သေးသည်။

## ပင်လယ်ပြင် အပူကြွ မိုးကြီး လေကြီးကျ

ကာမစိတ် ယိုလာသောအခါ

မိမိကိုယ် မိမိ သာယာစိတ် အားကြီးနေသော အခါ

အမြင်များမှု မတရား စုမိ စည်းမိလာသော အခါ

နှလုံးသွေးပွက် ဘာဆို ဘာမှ အသိ မထွက် တော့သောအခါ

http://www.dhammadownload.com



ထိုအခါမျိုး၌ မကောင်းမှု ဒုစရိုက်တွင် ကွင်းဆက်ရန် စိတ်အတွေးပေါက်သလောက် နှုတ်ရေး ကိုယ်ရေးများလည်း ရောက်လာကြပေရော့မည်။ အာသဝမှ ဩဃသို့ လိုမ့်ဆင်းရန် ဆင်းရန် အတွက်တည်း။

[ ၎င်း စာ–၁၆ ]

## ပြတိုင်းကြည့် အငြိမလှန်သာ

သက်ရှိ သက်မဲ့စုံ အာရုံတို့၏ အကျသည်
နေ့လည်းမနား၊ ညလည်း မနား ပြသွား သွားလျက်ကချည်းသာ။ အကယ်တိတိ
အာရုံ စုံမက် ကြုံရာဖက်၍ လိုက်နေခဲ့သော်
လိုက်သူမှာသာ အသက် ကုန်မည်၊ အာရုံ ကားပုံပြ မရပ်ပြီ။

[ ၎င်း စာ–၂၂ ]

## ပေးတိုင်းစား သွားကျိုး
## လေးတိုင်းထား ခါးကျိုး

အာရုံ၏ အရသာ တွေ့တိုင်းလျှင် ခံစားလွန်အားကြီးသော်

http://www.dhammadownload.com



အာရုံဒဏ် ခံနိုင်ရည် မရှိက ဘ၀ ခရီးသွား
ခါးကျိုးလျက်က ဤဘ၀ နာရပေမည်။
ပေးတိုင်းစာ သွားပိုးစား မလွတ်သည့်ပမာ သာ၊
အလေးထမ်း ခါးပိုးအား ညွတ်သည့် ပမာသာ။
[ ၄င်း စာ–၂၂ ]

မိမိကိုယ်ကို မရှုမြင် မဆင်ခြင်နိုင်လောက်အောင် ကာမဂုဏ် အာရုံ အဖိစီး ခံနေရသော ကာမလောကသားတို့၏ သဘော သဘာ၀မှာ ဆရာတော်ဘုရားကြီး၏ နီတိ စကားအားဖြင့် ထင်ရှားခဲ့ပါပေပြီ။ ဖိုနှင့် မတို့၏ ကာမ သဘာ၀ကို ဤသို့ဖော်ပြဆုံးမတော်မူပြန်ပါသည်။

## ဖလံပိုးနှင့် ငရုတ်ပိုး
## ထုပ်စီးတိုးတမ်း ကစားမယ်

ဖိုသတ္တ၀ါတို့၏ သဘာ၀ကား နှုတ်ပျံ လက်ပျံခြေစုံပျံလျက်က တစ်ဖက် ခန္ဓာ၏ မီးပုံကြီးဆီသို့ တစ်ဟုန်ထိုး တိုးနေလျက်ကသာ
မသတ္တ၀ါတို့၏ သဘာ၀ကား စိတ်၀ယ် အုံ့ပုန်းကိုယ်တွင်းကသာ ပြုံးလျက်က တစ်ဖက် ခန္ဓာရှိ အတွင်းသားသို့ ညည်းစာ စား၍ တိုးနေလျက်ကသာ။

http://www.dhammadownload.com



ထို သဘောတူနှစ်ဦး သူရကိုယ်ရ ဦးကြလေရာ
ဖလံပိုးက အစွမ်းထက် ငရုတ်ပိုးက ထွက်၍
ကြိုရမည်။
ငရုတ်ပိုးတင်း ဖလံပိုးက သဲလမ်း ခင်းရမည်။
ထက်လိုထက်၊ တင်းလိုတင်း လိုရင်းကား
နှစ်ဦး နှစ်ဝ မီးပုံတွင်း ပြိုင်တူ ခုန်ဆင်းလိုက်
ကြခြင်းတည်း။ ။

[ ရင်း--စာ ၂၈ ]

http://www.dhammadownload.com

# ဘုံစာနှင့်လူစာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီးက 'မလိုချင်မှ ရတာ' ဟူ၍ ဓမ္မအနှစ် သဘောကို မကြာခဏ ပြောဟောလေ့ ရှိသည်။ 'ဘာမှ မလိုချင်တော့တဲ့နေ့ အကုန် ပြီးပြည့်စုံတဲ့ နေ့' ဟူ၍လည်း နိဗ္ဗာန်ကို ရည်ညွှန်း ပြောဟော ဖူးသည်။ သို့သော် ကာမဘုံသားတို့ နိဗ္ဗာန် လိုချင် ပုံမှာ ကလေး မုန့်တောင်းသလို ဖြစ်နေတတ်လှ သည်။ ထီလက်မှတ်၊ အောင်လက်မှတ်၊ နိုင်ငံကူး လက်မှတ်များကဲ့သို့ လောကီ သဘောနှင့် အရော

http://www.dhammadownload.com



ရော အနှောနှော ဆုတောင်းတတ်လေ့ ရှိပြန်သည်။ တစ်နည်းအားဖြင့် ကာမဘုံသားတို့၏ ဆုတောင်းများတွင် 'လောဘတဏှာ' လိုချင်စိတ် အားကြီးနေကြောင်း ထင်ထင်ရှားရှား တွေ့ရသည်။ ထို့ကြောင့်

## အလိုခင် လိုချင်တာ အရင်စွန့်

မရသေးသော အရာကို လိုသော် ရပြီးသော အရာနှင့် လဲလှယ်မှ ရသည်။

ဈေးသည်သည် ဈေးဝယ်ထံမှ ငွေကို လိုသဖြင့် မိမိရှိ ပစ္စည်း လက်လွှတ်ရပုံမျိုးတည်း။

ကာမ ခံစားလို ကိုယ့်သွေးသားကို လွှတ်ချမှ ရသည်။

နိဗ္ဗာန် လိုချင် မိမိရှိ 'လိုစိတ်' ကို ပယ်မှ ရမည်။

[ '၉၉ ရှုလိုင်ထုတ် သာရဏီယ ကထာ စာ ၆ ]

ဟူ၍ ဆရာတော် ဘုရားကြီးက နီတိစကား ထုတ်ဖော် မြွက်ကြားခဲ့သည်။

သို့ပါသော် ကျွန်တော်တို့၏ ကာမဂုဏ် အာရုံ ခံစားမှု ကိစ္စများမှာ ခိုးထုပ် ခိုးထည်နှင့် လက်ပူး

http://www.dhammadownload.com



လက်ကြပ် အမိ ခံလိုက်ရသလို ဖြစ်နေသည်။ သံယောဇဉ် အမျှင်တန်းခဲ့ရခြင်း၏ သဘောကို ဆရာတော် ဘုရားကြီးက ဖော်ထုတ်တော် မူပြန်သည်။ ခေါင်းစဉ်နှင့် စာသား ဆက်စပ် ဖတ်ရှုစေလိုပါ၏။

## ထန်းလျက်ချို စအိုထောက်
## အငေါက် မရစ်သာ

အတွေ့မည်သည် မျက်လုံးထိ မျက်စိ၌သာ ပြီးပြေသည်။ တစ်ချက်ထိ တစ်ချက်မိ၌သာ လမ်းဆုံးသည်။ အကာ့ာ်တိတိ အတွေ့နောက် အတွေး ပေါ် ရောက်လာသော်ကား...

တစ်ချက်တွေ့ တစ်သက် မမေ့ပြီ။ အစွဲထိက အသည်းထိ ထိုးဖောက်ခံရပြီ။

[ ဒုင်း စာ–၆ ]

လူမျိုး ဘာသာ လူတန်းစား ဘာတွေ ဘယ်လို ကွဲကွဲ တူတူညီညီ တွဲမိတာ တစ်ခု ရှိသည်။ ယင်းကား ကာမလေး...၊ နှာသီးဝမှာ လေကလေး တိုးဝင် တိုးထွက်သွားတာကို အထူးတလည် လေ့ကျင့် သင်

http://www.dhammadownload.com



ကြားပေးနေရသည်။ တရား အားထုတ်ခြင်း ဓလေ့ကို ဘယ်လိုပင် လေ့ကျင့် သင်ကြားပေးသော်ငြားကျွဲပါး စောင်းတီးသကဲ့သို့ ကြုံရတတ်လှသည်။ ကာမဓလေ့ကား အထူး သင်ကြားပေးစရာမလို လူဖြစ်စေ၊ ခွေးဖြစ်စေ၊ ဝက်ဖြစ်စေ သူ့အလိုလို တတ်မြောက်သွားတော့သည်သာ။

ဓမ္မကား သံသရာတွင် အထုံအလေ့ နည်းပါးလှသဖြင့် သင်သော်မှ မတတ်။

ကာမကား သံသရာတွင် အထုံအလေ့ များပြားအားကောင်းလှသဖြင့် မသင်ဘဲလည်း တတ်ကြကုန်သည်။ ကာမဘုံသားတို့၏ ဉာဉ်၊ စရိုက်၊ ဝါသနာကို ဆရာတော်ဘုရားကြီး မိုးမောင်း ထိုးပြပုံမှာ ဤသို့ ဖြစ်သည်။

## အစရှိ အစ မိတော့မည်

အစသည် အစမျှသာ ဖြစ်၏။ အဆုံးကား မဟုတ်ချေပြီ။

ဉာဉ်သည် အာရုံတစ်ခု မင်ရာမှ ပါလာသော အသိတည်း။ စရိုက်သည် အာရုံတစ်ခု နှိုက်ရာမှ

http://www.dhammadownload.com



ပါလာသော အကျင့်တည်း။ ဝါသနာသည် အာရုံ အကြိုက် ပိုက်မိရာမှ ပါလာသော အကိန်းဓာတ် တည်း။ မည်သည့် ဘုံဘဝ ရောက်ရောက် တောက် လျှောက် စ…စပေးနေမည်သာ။ မည်သည့် အမျိုးထဲ ဝင်…ဝင် အစ ထွင်ပေးနေတော့သည်သာ။

ဘဝပေး သွေးဆူသဖြင့် ဘေးလူကို ဖျက်ဆီး မိမှားခဲ့သော ထိုဉာဉ်၊ ထိုစရိုက်၊ ထိုဝါသနာအလိုက် သုံးမျိုးတို့သည်ကား ယနေ့ သင့်အား မည်သည့် အချိန်တွင် အအားအနား ပေးထားပါသနည်း။

[ ဂုဏ်း စာ–၁၄ ]

ထို့ကြောင့် ပုထုဇဉ်တို့၏ ဉာဉ်၊ စရိုက်၊ ဝါသနာ ဟူသည် ကာမကို လုံးလုံး အားပြုထား ကြောင်း သိသာလှသည်။ ကာမသည် 'အဆွဲ' ကောင်း သလောက် ကျွန်တော်တို့၏ 'အစွဲ' ကလည်း အငမ်း မရပါတည်း။ ထိုအစွဲဖြင့်ပင် သံသရာ လည်ရင်း လည်းရင်း အပါယ်ဘုံသား ဘဝဆီ ချဉ်းနင်း ဝင် ရောက်ခဲ့ရပေါင်း များလှပါပြီ။

http://www.dhammadownload.com



# ခေါင်းတစ်ညှိတ် လှိမ့်ခံ အနိမ့်စံနှင့် လမ်းဆုံးမည်

ဘဝအကူးသည်ကား

တစ်ချက်မျှ အစွဲက တစ်ဖက်ထဲသို့ ကူးဝင်လာခြင်း တည်း။ ထိုတစ်ချက်စွဲသည် တစ်သက်လုံးကြီးကို လျှင် တွဲရရွှဲခို လိုက်ပါနေတော့ရာ ထိုဘဝရှင်ခမျာ တစ်သက်လုံးလုံး ဘဝ သမုဒယ၊ ဘဝဒုက္ခ ဝဋ်များမှ လည်း ပြေးမလွတ်တော့ပြီ။ ကာမ သမုဒယ၊ ကာမ ဒုက္ခဝဋ်များမှလည်း ချွတ်ခွင့် မသာပြီ။

ကာလသား အနှူး တစ်ကွက်မျှ မြှူးမိသော ကာလသမီး၏ တစ်ချက်မျှ ခေါင်းအညှိတ်က တစ်သက်လုံး လှိမ့်ခံရခြင်းကား ကွာရှင်းလိုသော် ကွာရှင်းသာသေး၏။ ဘဝကူးကာနီးရှိ မိမိ၏ တစ်ချက် အစွဲသည်ကား တစ်သက်နှင့်လည်း ခွဲ မရတော့ပြီ။ သံသရာ ဟိုတစ်ဖက် တက်ကာနီး **အထိပင် စွဲမြဲ စွဲနေတော့မည်သာ။**

[ ရင်း စာ–၁၆ ]

အောက်ရပ် အောက်ဘုံများဆီသို့ အစွဲက ဆွဲ ခေါ်သွားခြင်း ဖြစ်သည်။ ဘဝ အောက်တန်း ကျ

http://www.dhammadownload.com



သော်လည်း ကာမ ခံစားခွင့် ရနေသည်။ ကာမနှင့် ပြေးမလွတ်။ ထို့ကြောင့် ဆရာတော် ဘုရားကြီးက ပျစ်ပျစ်နှစ်နှစ် ဟောဖူးသည်။ လူဖြစ်မှ ကာမ အရသာ ခံစားရသည် မဟုတ်။ ခွေးဖြစ်လည်း ခံစား ရသည်။ ဝက်ဖြစ်လည်း ခံစားရသည်။ မခံစားရမှာ မပူပါနဲ့။ ဓမ္မ အရသာသည်သာ လူ ဖြစ်တုန်း၊ သာသနာတော်နှင့် ကြုံတုန်း ခံစားခွင့် ရသည်။

ကာမက ဘုံစာ၊ ဓမ္မသာလျှင် လူစာ အစစ်။

## ဘုံစာနှင့် လူစာ ယှဉ်ပါလျှင် လူမှာသာ ရစမြဲ

သတ္တဝါ အားလုံးတို့သည်ကား အာရုံ ငါးပါး ကာမအရသာကို မိမိတို့ ဘဝပေး ဓမ္မတာအရ ခံစား နေကြရသည်သာ။

စိတ်သည် ကာမသို့ အာရုံစိုက်၊ မကောင်းမှု၌ သာ မွေ့တတ်သောကြောင့် ကာမ အာရုံကြား ဓမ္မ အာရုံထားလျက်က ဓမ္မရသာဘက် နှစ်သက်စွာ ခံစား ခွင့်ကား လူတစ်ဦးတည်းသာ။

စိတ်ကို မှန်ရာလှည့် မှန်စွာသိ သိခြင်း လူ၌ ထင်းလင်းရှိသောကြောင့်

http://www.dhammadownload.com



ယနေ့ အသင် လူသား၏ စိတ်...

ကာမ အရသာနှင့် ဓမ္မ အရသာ မည်သည့် ဘက် စွာနေသနည်း။ အကယ်တိတိ... ကာမစိတ် လက် သပ်မွေး ကာမကိုချည်း သင်လွေးနေသော် 'ခွေးမစင် လူထမင်း' သည်မျှသာ ကွာခြားခြင်း ရှိပြီး... သင် ကား လူ့ပြည်ဆင်း ဘုံစာဖြင့် တင်းတိမ် နေခြင်း တည်း။

[ ၎င်း စာ–၂၆ ]

ကာမဂုဏ် ဘုံစာနှင့် ဓမ္မအရသာ (လူစာ) တို့၏ အနှစ်အသား ကွာခြားပုံကို သိမြင်စေချင်လွန်း သဖြင့် ဇာတိမြေ ရွှေဘိုခရိုင် မင်းကုန်းရွာတွင် တည် ထားတော်မူသော ဥ ယျာမိ ရွှေချက်သို တံခွန်တိုင် ကြီးမှာပင် 'လူ့ အစားအစာ' ဟူသော ကျောက်စာ ချပ်ကို မော်ကွန်းတင် ရေးထိုးတော်မူ ခဲ့သည်။ လူတို့ သည် လူစာကို မစားဘဲ ဘုံစာကိုသာ အဘယ့် ကြောင့် မြိန်ရေရှက်ရေ စားနေကြပါသနည်း။ အဖြေ ကား အလွယ်လိုက်နေခြင်း။

http://www.dhammadownload.com



## အခက်ကိုဆောင် အလွယ်ဆို မယောင်စေနှင့်

ကာမအခက် ကာမကြော နှောကြည့် လွယ်၏။
ဓမ္မအခက် ဓမ္မသဘော မျောကြည့် လွယ်လှ၏။

မည်သည့် အရာမဟူ သော့ချက်ဟူသည် ရှိစမြဲသာ၊ ထိုတွင် ...

အခက်တကာ့ အခက်ဆုံးကား မိမိစိတ် မိမိဆုံးမရာ၌တည်း။

ထိုအခက်ဆုံးသော စိတ်ကို ဆုံးမရန် မကြိုးစား၊ သူကျလိုရာ ကာမကြော မျောပေးထားမိသော်...

စိတ်သည် သက်သာသည်ကိုသာ နှစ်သက်သည်က တစ်ကြောင်း၊ မကောင်းမှု၌သာ မွေ့လျော်သည်က တစ်ကြောင်းတို့ကြောင့် စွဲစိတ်ဆွယ် လွယ်ရာလိုက် နောက်ဆုံး အပါယ်တိုက် ဦးခေါင်း ဆိုက်ကြရသည်ချည်းသာ။

[ ၎င်း စာ-၃၃ ]

ဆရာတော်ဘုရားကြီးက အဲဒီလို သတိပေးနိုးဆော်ခဲ့ကြောင်းပါဗျာ။ ။

http://www.dhammadownload.com

# အပြောနှင့်သဘော

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက လောကဓမ္မ နှစ်ဌာနလုံးကို မွှေနှောက်၍ မှတ်လောက်သားလောက်သော နီတိ စကားတို့ဖြင့် ထင်ရှားအောင် ပြဆိုတော် မူခဲ့သည်။ 'ဘုံစာ' ဟု ခေါ်သော 'ကာမ အစားအစာ' နှင့် စပ်လျဉ်း၍ ဤသို့ ညွှန်ပြတော် မူပါသည်။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



## သဒ္ဒါရှိပေး သေဆေးမှန်းသိ။
## ပါးစပ်ထဲ မထည့်မိစေနှင့်

ကာမနယ်ပယ်မှ မိဘများတို့သည်ကား မိမိတို့သားသမီးများကို ကာမ အစားအစာကိုချည်း စားစေလို သောက်စေလိုကြသည်မှာ ဓမ္မတာ။

ကာမပွဲစား လင်ယောကျ်ားကလည်း မိမိကိုင်မယားကို ကာမ အစားအစာများဖြင့်သာ အသင့်ကြိုဆို စားစေလို၊ သောက်စေလိုသည်မှာ ဓမ္မတာ၊ ကာမဈေးလှည့် မယားတစ်မိကလည်း မိမိပိုင်လင်သားကို ကာမ အစားအစာကောင်းဖြင့်သာ ဖြားယောင်း ကြိုဆို စားစေလို၊ သောက်စေလိုသည်မှာ ဓမ္မတာ။ စင်စစ် ကာမအစားအစာတို့၏ အတွင်းအဆိပ်ပိုး တစ်သင်း ပါဝင်နေကြသည်သာ။

ထို အဆိပ်ပိုး စိတ်ဝယ် ထိုးကျင့် နင့်ခန့်တစ်ချက် အဖြစ်သည် တစ်သက်နှင့်လည်း ကုစား၍မရ။ တစ်ဘဝ တစ်ကမ္ဘာမျှဖြင့်ပင် ကုစား၍ မရ တတ်ချေရာ စားပါ ဆိုနေလည်း မစားဘဲ 'ပေ' နေလျှင် အကောင်းဆုံး။ သောက်ပါ ပြောလည်း မသောက်ဘဲ ကြောနေလျှင် အကောင်းဆုံး။ ကာမ

http://www.dhammadownload.com



သဒ္ဓါသည် ကာမရှာသားများကို အဆိပ်ကျွေး သတ်ရာ၌ ပါရဂူကြီး တစ်ဦးတည်း။

[ '၉၉ ဗွုလိုင်ထုတ်၊ သာရဏီယ ကထာ စာ-၆၂ ]

ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးသည် လောက သဘာဝ၊ လူ့သဘာဝကို မည်၍ မည်မျှ နောကြေသနည်း ဆိုသည်ကို အောက်ပါ နီတိက ပြဆိုနေပါသည်။ ဖတ်မှတ်၍ အရသာ ခံကြည့်စေချင်ပါသည်။

## အသံတိတ်၏ အဟာန္မ လက်နက်ပြသည့်ထက် လန့်၏

တစ်ယောက်အပေါ် တစ်ယောက် အလိုမကျ အားမရသဖြင့် စိတ်ကောက်၍ ဆန္ဒ ပြခြင်းသည် တစ်ဖက်သား၏ စိတ်ဝယ် ရေနွေး အဖျောခံနေရသော ကြမ်းပိုး တစ်ကောင်ထက် အထိနာ၏။ ရန်သူ၏ လက်သည်း အခွံခွာ ညှဉ်းဆဲသည်ထက်လည်း အထိနာ၏။ နေပူကြီး၏ အတွင်း တိမ်ပုပ်ဆင်းစဉ် ကာလထက်လည်း အခံရဆိုး၏။ အသက်ရှူ လမ်းကြောင်း အရာဝတ္ထုတစ်ခုဖြင့် ဆို့ပိတ်ခံရ သည်ထက် လည်း ဆိုး၏။

http://www.dhammadownload.com



စင်စစ် ထိုစိတ်ကောက်ခြင်းသည်

မိမိ မကျေနပ်သော စကားလုံးကို တစ်ဖက်သား ထုချေခွင့် အလျဉ်းမပေးဘဲ တစ်ဖက်သတ် ပြောကြားနေခြင်းပင်။

[ ၎င်း စာ-၆၉ ]

လောက၏ ပူလောင်တတ်သော အတွင်းသဘောကိုကား ဤသို့ ပြဆိုခဲ့ပါသည်။

## အကြိုက်စောင်း အကောင်း မသက်သာ

လောကတွင် အကြိုက်ပေး ဖျက်ဆီးရာမှ ပျက်စီးခဲ့ရသော ဒဏ်ရာ ဒဏ်ချက်ကား သက်သာရာကို မပေးစေတတ်၊ အတွင်းဝယ် အသွေးလည်းပျက်၊ အသားလည်းပျက်၊ မျက်လုံးစုံ အကုန်ဟောက်ပက်၊ အရိုးပေါ် အရေတင်လျက်။

အပြင်ဝယ် နေရေး၊ ဝတ်ရေး၊ စားရေးမှသည် သွားရေး၊ သမီးရေး၊ မင်းရေး စိုးရေးဖက်အနေခက်။

တဏှာ အခုအခံဖြင့် သက်သာရာ ရှာကြပါသော်လည်း...

http://www.dhammadownload.com



လောဘ ဖိစီး သောကမီးကြီး တောက်လောင်လျက်ကသာ၊ ဒေါသ ဖိစီး မာနမီးကြီး တောက်လောင်လျက်ကသာ၊ မောဟ ဖိစီး ဒိဋ္ဌိမီးကြီး တောက်လောင်လျက်ကသာ၊ ကောင်းသလောက် မသက်သာ၊ ပေါင်းသလောက် ရက်မကွာကြပြီ။

[ ၎င်း စာ-၅၇ ]

လူသည် မိမိကိုယ်ထက် သူတစ်ပါးကို ပိုပြီး စိတ်ဝင်စားလေ့ ရှိသည်။

လူလူချင်း ပေါင်းသင်း ဆက်ဆံရေးသည် လောက၏ မရှိးနိုင်သော အခြင်းအရာ တစ်ခု ဖြစ်သည်။ လူမှု ဆက်ဆံရေး မျက်နှာစာအတွက် ဆရာတော်ဘုရားကြီး ညွှန်ပြသော နီတိမှာ ဤသို့ ဖြစ်သည်။

## သဘောသိချင် အပြောကြည့် အကြော သိချင် ရောကြည့်

လူတို့၏ စိတ်နှင့် သဘောထားတို့ ထားသိုသော နေရာသည် မျက်နှာမှာသာ ရှိပြီး တစ်ဖက်နှင့်

http://www.dhammadownload.com



ဆက်ဆံရလေသောအခါ ထို မျက်နှာရှိ စိတ်နှင့် သဘောထားများသည်... လျှာဖျား စကားအဖြစ်ဖြင့် ပါးစပ်ကြားလမ်းအတိုင်း ထွက်ခဲ့၍ ဆက်ဆံ တတ်ကြ၏။ သို့ကြောင့်... သူ့ အပြောစကားသည် သူ့ သဘောများဟူ၍ အတပ် သိနိုင်ပေသည်။ အကယ် တိတိ

စရိုက်ခေါ် သူ့ဝလှေ၊ သူ့ထုံးစံများကို သိလိုပါမူ ကား...

ကိုယ် ကိုယ်ချင်း အဖက်ပေး၍ ဆက်သွယ်ကြည့်မှသာ အကြမ်းကြိုက်၊ အနုကြိုက်ဟူ၍ သူ့ စရိုက် နှိုက်မိ၊ ပိုက်မိနိုင်ချေသည်။

[ ၎င်း စာ–၇၈ ]

ဆရာတော်ဘုရားကြီးက ဟာသငွေ့ငွေ့လေးဖြင့် လူတို့၏ စရိုက် သဘာဝကို ဖော်ပြတတ်သေးသည်။ စာပေ ဝေါဟာရဖြင့် 'သရော်စာ' သဘော သက်ဝင်နေသည်ဟု ယူသော် ရကောင်းမည် ထင်ပါသည်။

http://www.dhammadownload.com



# အကြောင်းသိချင် ပေါင်းကြည့်
# အစောင်းသိချင် ချောင်းကြည့်

လူတို့၏ အတွင်းနေ သဘောသည်အသက်ကြီးလေ ပျက်စီးလေ ဖြစ်သော်လည်း အသက်ကြီးလေ အရှက်ကြီးလေလည်း ရှိတတ်ပြန်သေးရာ အဝေးကြည့် ခဏရောဖြင့် သူ့သဘော ပေါ်လော မပေါ်စေနိုင်။ အနီးကပ် ပေါင်း ပေါင်းမှ အကြောင်း ပေါ်လာသည်။ ကွယ်ရာမှ ချင့်တွက် လေ့လာမှ သူ့အကျင့်ပျက်က တွေ့လာသည်။

လူကြီးတို့၏ လူရှေ့ အဝတ်ဖြင့် ဖုံးဝှက်ထားသော အရာမှန်သမျှ ကွယ်ရာမှာ ဖျက်ခဲ့သောအချက်ရှက်ကြလွန်း၍ချည်းသာ။

[ ၎င်း စာ–၇၉ ]

ဆက်လက်၍ ဆရာတော်ဘုရားကြီးက လူတို့၏ ဆက်သွယ်ရေး ကိရိယာ ဖြစ်သော အပြော (ဘာသာစကား) နှင့် ပတ်သက်၍ လှလှပပ သရုပ်ခွဲပြခဲ့ပြန်ပါသည်။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



## အပြောလေးက ရိတိတိ
## တယောလေးက အိအိအိ

တယောကဲ့သို့ ချွဲချွဲပြစ်ပြစ် ပြောလာခြင်းများသည် သင့်အား တွဲမိသော် နွံမ်းရိ၊ ကွဲမိသော် လွမ်းရိ၊ လွဲမိသော် ဆွေးရိအထိ တွန်းပို့နေသော အရိစကားဟူ၍ တစ်ထစ်ချ မှတ်ပါလေ။

သင့်အရှိ အရိသို့ ရောက်စေသည့် အပူပေး၍ နှူးသော အမြူးတယောပင် မဟုတ်လော။ ။

[ ၄င်း စာ–၉၀ ]

http://www.dhammadownload.com

# အပျော်မှအပျက်သို့

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် လောကကို ထွင်းဖောက် ရှုမြင်ဆင်ခြင်၍ နိတိ စကားအဖြစ် အနှစ်အသား ထုတ်ပြတော် မူခဲ့ပါသည်။ လောကနှင့် မကင်းနိုင်သူ မှန်သမျှ လောကထဲတွင် အနေတတ်ရန်၊ အနေ မြတ်ရန် လမ်းညွှန် အလင်းပြ ပေးနေသည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့၏ ဘဝ ပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်ပျက်နေသလဲ၊ ထို အဖြစ်အပျက်များ အပေါ် ဘယ်လို ရှုမြင် ဆင်ခြင်အပ်သလဲ ဆိုတာ

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး၏ နီတိများက အဖြေပေး ထားပါသည်။

## ရွှေဝယ်ရာ ငါးပိချိန်သလို မလောနှင့်

တစ်သက်လုံး ကိစ္စ ချိန်ဆ ဆုံးဖြတ်မည်ဆို
တစ်ရက်တည်းနှင့် ဘယ်တော့မှ မဆုံးဖြတ်မိရာ။
တစ်ချက်မှား ခရီးသည် တစ်သက် သွားလို့
ပြီးဆုံးမည် မဟုတ်တော့ချေပြီ။

[ '၉၆ အောက်တိုဘာထုတ်၊ သာရဏီယကထာ စာ-၂၀ ]

## တစ်ယောက်တည်း ဖြစ်သည့်ရန် ဖျန်ဖြေမည့်သူ မရှိ

တစ်ယောက်ထီးတည်း တွေးတော ပူပန်လျက် တစ်ဖက်သို့ အားမလို အားမရ စိတ်ကောက်နေခြင်းများ၊ မုန်းငြိုး ပြစ်မှားနေခြင်းများ၊ မိမိကိုယ်မိမိ အားမလို အားမရ စိတ်ဆိုးနေခြင်းများ စသည် အတွေးဖြင့် အရေးယူနေခြင်းသည် တစ်ဖက်သားလည်း ရှင်းပြခွင့် မရ။ တစ်ဖက်သားလည်း သိပင် မသိရ၍ ဘယ်တော့မှ ရန်ပွဲ ပြီးမည်မဟုတ်။ မိမိ

http://www.dhammadownload.com



ကျေနပ်လောက်မည့် အခွင့်အရေးလည်း ဘယ်တော့မှ ရလိမ့်မည် မဟုတ်ချေပြီ။

[ ၄င်း စာ–၂၁ ]

ပုထုဇဉ်တို့၏ အာရုံကို ခံမင်တတ်သော သဘော၊ အာရုံ နောက်က ကပ်ပါလာသော ကိလေသာ ရေယာဉ်ကြော မျောတတ်သော သဘောတို့ကိုလည်း ဆရာတော်ဘုရားကြီးက နီတိ ရေး၍သတိပေးတော်မူခဲ့ပါသည်။

## သုံးရုံသာ သုံးသွား အစွဲမထားနှင့်

ရဟန်းဖြစ်လျှင် ရဟန်းနှင့် ထိုက်တန်သော အာရုံကို ခံစား။

လူဖြစ်ကလည်း လူနှင့် ထိုက်တန်သော အာရုံကို ခံစားရမည်သာ။ ခံစားလေတိုင်း အာရုံပေါ် အသိရောက်အောင် သတိဖြင့် ထောက်ထားလျှင် မြင်မြင်ရုံ၊ ကြား ကြားရုံ စသည်ဖြင့် ပြတ်၏။ မငတ်။

အကယ်တိတိ သတိ နည်း၍ အစွဲ သိကပ်လာသော် ဘာလဲဆိုသည်နှင့် အာရုံနောက် ပညတ်ရောက်ပြီး ကိလေသာ ထောက်၍ စွဲငြိတတ်သည်။

http://www.dhammadownload.com



သုံးရုံကား အရင်းသာ ဆပ်ရပြီး စွဲလျှင်ကား အတိုးနှုန်း ကြီးကြီးဖြင့် ဆပ်ရလေလေ ကြွေးမကျေလေဖြစ်တတ်သည်။

[ ရင်း စာ–၄၆ ]

## ပျော်လိုပျော် ပါးလိုပါး အနေအစား ခပ်ချောင်ချောင် လူကိုပါ မပေါင်ရစေနှင့်

စိတ် ပေါ့လေသမားသည် အပျော်အပါး အားကြီး စုံမက်၍ အပျင်းထူ လူစားသည် အစားကို အားကြီး ခုံမင်၏။

အပျော်နောက် အပျက် ပါလာပြီ။

အစားနောက် ရမ္မက် ပူဆာလျှင်ကား လူကိုပါ ပေါင်၍ ရောင်းစားရမည့် ကိန်းတည်း။

[ ရင်း စာ–၄၆ ]

## အပျော်ကျူး အရူးသာ နှုးရာ မပါမိစေနှင့်

အပျော်ကို ခုံမင်နေသူသည် လောက၏ ရှေ့ကြောင်း၊ နောက်ကြောင်း ဘာဆို ဘာမှ မမြင်။

http://www.dhammadownload.com



ဖဲနှင့် ပျော်သူအား ဖဲနှင့် ပြ မြှူစားလျှင် ပါသွားသည်။ အရက်နှင့် ပျော်သူအား အရက်ပြ မြှူစားလျှင် ထို့အတူ။ ရမ္မက်နှင့် ပျော်သူအား ရမ္မက်နှင့်ဆွ မြှူစားလျှင် သည်အတိုင်း။

အပျော်လွန်၍ နှူးသည့်နောက် နွံပေါက်လာလျှင် ကျွန်အောက် သားဖောက်ခံရတော့မည်မှာ သေချာပြီ။

[ ၎င်း စာ-၄၇ ]

စိတ်အလိုလိုက် အကြိုက်နှင့် ပျော်ခြင်းသည် မိမိ တစ်ဦးတည်းကို သာမက တိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်သိက္ခာကိုပါ ညှိုးနွမ်းစေကြောင်း ဆရာတော် ဘုရားကြီးက ဆင်ခြင်ဖွယ် သတိပေးထားပြန်ပါသည်။

## အပျော်လွန် ကျွန်ဖြစ်

အပျော် လှူသော အလှူ
အပျော် ကျင်းပသည့် ပွဲ
အပျော် လိုက်စားသည့် ဓလေ့

http://www.dhammadownload.com



ထို သုံးမျိုးတို့သည် အလုပ် ဖျက်ပြီး အပျော် ထွက်လာသဖြင့် ဝင်ငွေလည်း ပျက်၏။ လက်ထဲ ရှိကို သုံးစား ပစ်သဖြင့် စုငွေလည်း ကုန်၏။ တစ် ကျပ်သုံးက နှစ်ကျပ်ဆုံး စိမ်ကိန်းဖြင့် ထိန်းမရ သိမ်း မနိုင် အခြေယိုင်ကာ လူမျိုးခြားထံ ကျွန်ခံရ တတ် သည်။

[ ၎င်း စာ-၂၆ ]

## လူပေါင်ပြီး မပျော်ချင်နှင့် ရွှေးသောအခါ အစစ်ပြန်ရလိမ့်မည်မဟုတ်

အပျော်သုံးဖို့ ရွှေကို ပေါင်နှံပါ။ ပြီး ပြန်ရွေးက ကိုယ့်ရွှေ ကိုယ်ပင် ပြန်ရ၏။ အစားပေးခြင်း မရှိ။ ကျန် ရတနာများကို ပေါင်နှံ သုံးလျှင်လည်း ထို နည်းတူပင် ပြန်ရချေ၏။ 'အစား' ဟူ၍ပင် မရှိ။

'ပျော်ရ ပါးရ ပြီးကရော' အတိမ်တွေးဖြင့် အမျိုးဖျက်၍ လူမျိုးခြားနှင့် သွားပေါင်းသင်းသော မိန်းကလေး ကိုယ့်သွေးနှင့် အရောခံပြီး ရလာသော ကလေးကျလျှင် ကိုယ့်သွေးစစ်ကား မဟုတ်လေပြီ။

[ ၎င်း စာ-၂၇ ]

http://www.dhammadownload.com



# သွေးကို အပျော်လည်း မသုံးနှင့် အဖော်နှင့်လည်း မသုံးနှင့် ကျော်အောင်သာ သုံးသွားလေ

နတ်သွေးရှိသူ နတ်ဒိုးသံကြား ပျော်တတ်လာပြီး ထ ကချင်တတ်သည်။ ဘီလူးသွေး ရှိသူကလည်း ဘီလူးဆိုင်းသံ ကြားလျှင် ထို့အတူ၊ မျောက်သွေး ရှိသူလည်း မျောက်ဆိုင်းသံကြားလျှင် ထိုနည်း လည်းကောင်း၊ ဘာသာသွေး ရှိသူသည်လည်း ဘာသာရေး စကားသံ ကြားလျှင် မျောက်လိုပင် ပျော်နေတတ်၏။

ထို မိမိ၏ ဓာတ်ခံ သွေးကို အပျော်သုံး သုံးပစ် က အဖတ် ရှာမရ ဖြစ်တတ်သည်။

အဖော်တွဲ၍ သုံးပစ်ကလည်း အဖော်ထဲ ဝင် သွားတတ်သည်။ ထိုစရိုက်သွေး ကျော်နိုင်အောင် တရားဘက်၌ သုံးစွဲတတ်ပါမှ အရည်လည်း ရ၊ အဖတ်လည်းတင် သန့်စင်နိုင်ချေသည်။

[ ၄င်း စာ-၂၇ ]

ဤသို့ ဤနှယ် အပျော် ပင်လယ်ကြီး အဘယ် ကြောင့် ကျယ်လာခဲ့ရပါသနည်း။

http://www.dhammadownload.com



မီးရောင်ကို ရွှေတောင်မှတ်၊ တံလျှပ်ကို ရေထင်၊ အာရုံကိုသာလျှင် တန်းလန်းစွဲ ခင်တတ်ကြသော လူတို့၏ သဘောကို ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက ကရုဏာကြီးစွာ ဖော်ပြထားပါသည်။

## အရိပ်ကို အရုပ်ထင်နေသမျှ ကလေးလိုပဲ ဆော့ဦးမည်

ပရမတ်အရာ၌ ငါမရှိ၊ သူလည်း ကင်းဆိတ်၏။

ယောကျာ်း မပါ၊ မိန်းမ မရှိ ပကတိသော သဏ္ဌာန် နိမိတ်မျှသာ ရှိချေသည်။

မီးလောင်ရာမှ ထွက်ပေါ်လာသော မီးခိုး၊ ပင်လယ် အခိုးအငွေ့မှ တက်လာသော တိမ်တောင်

၎င်းတို့ကို ကြည့်လျက်က ဤကား ဆင်၊ ဤကား ဘုရင် စသည် ပြောနေကြဘိသို့သာ ရှိချေသည်။ ၎င်းအထိ အသိ မဝင်နိုင်သေးလျှင် ရောက်ရာ ဘဝ ပျော်ကြလေဦးမည်သာတည်း။

[ ၎င်း စာ-၂၂ ]

http://www.dhammadownload.com



## မီးကြား မကပ်လေနှင့် ဟပ်မိလျှင် အစွာရ ခက်သည်

ဒုက္ခကို ဒုက္ခမှန်း မသိ၍ သိမ်းပိုက်မိလျှင် မီးမှန်း မသိသေးသူ ကလေးငယ်၏ မီးကိုင်မိ၍ အပူလောင်နေရာမှ ကြောက်အား လန့်အားဖြင့် မလွှတ်ရဘဲ အော်ငိုနေဘိသို့

ဒုက္ခသည် ဒုက္ခမှန်း သိလာသောအခါ အပေါင်း ကြာလာပြီ ဖြစ်သဖြင့် ခွာနှုတ်ဖို့ ပြင်ချိန်ပင် မရတော့ပြီ။

[ ၇င်း စာ-၄၂ ]

## မီးဆိုလျှင် လောင်တုန်း ဆွဲနှုတ် မည်းရှံသာ စွဲသွားလျှင် နှုတ်မရ ပြာကျသွားမည်

ဒုက္ခကို လုံးဝ ကြောက်စရာ မလို၊ ဒုက္ခမှန်း မသိသည်ကိုသာ ကြောက်ပါလေ။

မီးကို မီးမှန်း သိသူ လူကြီးသည် လောင်သည် နှင့် ရုတ်တရက် ဆွဲနှုတ်ဘိသို့

http://www.dhammadownload.com



အာရုံတို့ကိုလည်း မြင်သည် ကြားသည်နှင့် သတိကပ် ဆွဲနှုတ်မိလျှင် အပေါ်ယံ မည်းရုံသာ ဖြစ်၍ အတွင်းသား ကောင်းနိုင်သေး၏။

[ ရင်း စာ-၄၃ ]

အပျော်မှ အပျက်သို့ သွားနေသော လူတို့၏ သဘောကို ဆရာတော်ဘုရားကြီး၏ နိဂုံ ကြေးမုံ တွင် ထင်ရှား ပီပြင်စွာ တွေ့မြင် ဆင်ခြင်နိုင်ပါ သည်ဟု...။ ။

http://www.dhammadownload.com

# ကမ်းနှစ်ဖက်

(ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော် ဘုရားကြီးက ဘဝပေး ကုသိုလ် (ဝါ) ကာမဘုံ၌ လာရောက် ခံစားခွင့် ရသော ကာမ ကုသိုလ်ကို ခံစားရာ၌ သတိ အသိ အမြဲရှိရန် ဆုံးမ ညွှန်ပြလေ့ ရှိသည်။ အာရုံ ခံစားမှု၌ သတိရှိရန် နိုတိအားဖြင့် ဤသို့ ဖော်ပြခဲ့သည်။)

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



# ပေါင်းစရာရှိသည့်ကို ပေါင်း အကောင်း ခေါင်းမဆိုက်စေနှင့်

ပေါင်းစရာကား လောကကြောင်း၊ ဓမ္မ လမ်းကြောင်း အပေါ်၌ တည်၏။ ကောင်းမကောင်းတို့သည်ကား ကိလေသာ ရေစီးကြောင်းထဲ၌သာ မျောပါသွားတတ်သော အရာ ဖြစ်ချေ၏။

ရေကို သောက်လိုရာ၌ ကမ်းဘက်မှသာ ခပ်ယူသုံးစွဲရဘိသို့ လောကသားတို့သည် ဝဋ္ဋ အာရုံပေါင်းဆုံ ထိတွေ့ကြရာ၌ လောကဓမ္မ နှစ်ဌာနရှိ ကမ်းနှစ်ဖက် တစ်ဖက်ဖက်မှသာ ရယူ သုံးစွဲသော် မျောစရာ မရှိပြီ။

[ '၉၆ အောက်တိုဘာထုတ် သာရဏီယကထာ စာ-၇၃ ]

(ကမ်းနှစ်ဖက်၏ သဘောကို 'မယုတ်မလွန်' ဟူသော စကားဖြင့် ဆရာတော်ဘုရားကြီးက တစ်ဖုံတစ်နည်း ဆုံးမတော် မူပြန်သည်။ ဆရာတော်ဘုရားကြီး၏ စကားလုံး ကြွယ်ဝခြင်း၊ ရှုထောင့်စုံခြင်းတို့ကိုပါ လေ့လာကြရမည် ဖြစ်ပါသည်။)

http://www.dhammadownload.com



# နယ်လွန်လျှင် ကျုံ့တတ်သည်
# အလည်လွန်လျှင် မွှန်တတ်သည်

ကာမ၌ တပ်မက်မှု နယ်ပယ်သည် အမူအကျင့်အားဖြင့် လွန်တက်လာသော်၊ ဘဝ၌ တပ်မက်မှု နယ်ပယ်သည် အမူအကျင့်အားဖြင့်ပင် လွန်တက်လာသော်...

ထိုကာမနှင့် ဘဝတို့၌ မသိမှု နယ်ပယ်သည် အမူအကျင့်အားဖြင့်ပင် လွန်တက်လာသော် ဒိဋ္ဌိတည်းဟူသော ပင်လယ်တွင်းကြီးထဲသို့သာ မျောပါစီးဝင်၍ သွားတတ်ချေ၏။

စင်စစ် မည်သည့် ကိစ္စမဆို အကောင်းထင်ဖြင့် အယူဝါဒ ခေါ်သော အမြင် လွန်ကဲလာလျှင်လည်း ဒိဋ္ဌိ နယ်ပယ်တွင်းသို့သာ စီးဆင်းတတ်၏။ အမူအကျင့် ခေါ်သော လိုက်စားမှု လွန်ကဲလာလျှင်လည်း ထို ဒိဋ္ဌိ နယ်ပယ်တွင်းသို့သာ စီးဆင်းတတ်ပြန်၏။

သို့ကြောင့် 'မယုတ် မလွန်' ဟူသော ရှေ့နောက် အထိန်း နှစ်ခုကို မြဲမြဲစွာ လက်ကိုင် ပြုရသည်။

[ ၄င်း စာ-၇၂ ]

http://www.dhammadownload.com



(နိတိနှင့် နေခြင်းသည် ပညာဖြင့် နေခြင်းလည်း ဖြစ်၏။ သတိနှင့် နေခြင်းလည်း ဖြစ်၏။ ဘဝ၏ နေထိုင်ပုံ နည်းလမ်းများတွင် အကောင်းဆုံး နေခြင်း လည်း ဖြစ်သည်။ တစ်ဖို့တည်း ကြည့်လျှင် မှန်ကန်သော လောက အမြင်မျိုး မဟုတ်တော့ပြီ။ ငါသာ အမှန် အတ္တ အလံ လွှင့်ထူသူများအတွက် သုံးသပ်ဆင်ခြင်စရာ နီတိ စကားဖြင့်လည်း ဆရာတော်ဘုရားကြီးက အမှာစကား ထားရစ်တော် မူခဲ့ပြန်ပါသည်။)

## တည့်ချင်လျှင် စောင်းမအိပ်နှင့်

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသူသည် တစ်ဖက်သားကို အထင်သေးတော့သည်သာ။

၁။ ထို တစ်ဖက်သား အထင်သေးနေသမျှ သူလုပ်သရွေ့ပါ အထင်သေးနေတတ် သဖြင့် မခံချင်စိတ် ထားမိပြီး အမုန်းပွားနေတတ်၏။ သူ့ အမုန်းမပွားလိုလျှင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်ကို စစဦး ချိုးနှိမ်ထားလိုက်။

http://www.dhammadownload.com



၂။ ထို တစ်ဖက်သား အထင်သေးနေသမျှ သူ
ဘာလုပ်လုပ် မယုံသင်္ကာစိတ်က ပါနေတတ်
သဖြင့် မယုံစရာများချည်း ပါနေတတ်၏။
သူ့ ယုံကြည်မှု ရယူလိုလျှင် ကိုယ့်ကိုယ်ထဲ
သို့ စဦး ယုံစိတ် သွင်းထားလိုက်။

ထိုအခါ ယုံစရာများချည်း ပေါ်လာ၍ ခင်မင်စရာတို့ချည်း တိုးပွားလာတော့မည်သာ။ ကိုယ်မယုံလျှင် မယုံသလို ဖြစ်တတ်၍ ကိုယ်ယုံလျှင်လည်း ယုံသလို ဖြစ်တတ်သည်။

[ ၄င်း စာ-၆၇ ]

## မချိန့်တတ် အရင်း နာမယ်

အထင်ကြီးမှု သေးမှုဟူသည် ချိန့်မှန်းရာမှ ထွက်ပေါ်လာသော ဟောကိန်း တစ်ခုသာ။

တစ်ပါးသူသို့ သူ့အရှိထက် မိမိ၏ ချိန့်မှန်းချက်က ပိုလွန်နေချေသော် အထင်ကြီးမှု ပေါ်ပေါက်လာချေပြီ။ အကယ်တိ သူ့အရှိထက် မိမိ ချိန့်မှန်းက လိုနေပြန်သော်ကား သူ့အပေါ် အထင်သေးမှု ကျရောက်သွားချေတော့၏။

http://www.dhammadownload.com



အကယ်တိတိ မဟုတ်သည်ကို အထင်ကြီးမိ ချေလျှင် မိမိရှိ ပစ္စည်း ဖုံ၍ လိုက်ပေါင်းရသဖြင့် ကိုယ် နာပြီ။

အကယ်တိတိ ဟုတ်သည်ကြီးကို အထင်သေး နေပြန်သော် သူ့ရှိ ပစ္စည်း မရလိုက်၍ ကိုယ်ပင် နစ်နာချေပြီ။

အလေးချိန်ခွင်ဖြင့် ချိန်တွယ်၍ ရောင်းချ ရသော ဈေးသည် မကျွမ်းကျင်လေက အရင်းဆုံး သည်သာ။

[ ၄င်း စာ-၆၇ ]

(ဤသို့လျှင် အစွန်း နှစ်ဖက်ကို ချိန်၍ တည်ငြိမ် ၍ ကျင့်ရသော အမှန်လမ်းကို ဆရာတော်ကြီး ပြတော်မူခဲ့သည်။ ထိုသို့ ပြရာတွင် အလွန် ထင်သာ မြင်သာသော ဥပမာတို့ကို ဆရာတော် ဘုရားကြီး အသုံးပြုတော်မူခဲ့သည်။ ကျွန်တော်တို့၏ ဘ၀ ပတ်ဝန်းကျင်မှ နေ့စဉ် မြင်တွေ့နေရသော အရာများ မှ ဓမ္မကို ဆွဲထုတ်ပြခဲ့ခြင်းလည်း ဖြစ်ပါသည်။)

## အစီးလွဲ အသွားခက်

ဖိနပ် နှစ်ဖက်ရှိရာ၌ ဝဲယာဘက် လွဲ၍ အစီး မှားသော် အသွားခက်ချေတော့၏။

http://www.dhammadownload.com



ထို့အတူ ကောင်းမှု ခေါ်တွင်စေသည့် အလှူပေးခြင်း၊ သူတစ်ပါး အကူအညီပေးခြင်း စသည်တို့၌ ကိုယ့်ဘက် အာရုံ ပြုလျက် ဘက်မှားနေချေသော် တဏှာ ဝင်စေသဖြင့် သဒ္ဓါ အစဉ် ကြည်လင်ခြင်း အလျှင်း မရှိ။

မကောင်းမှု ခေါ်တွင်စေသည့် အာရုံ ငါးပါး၊ ကာမဂုဏ်တရားတို့ကို လိုက်စားရရာတို့၌ သူ့ဘက် အာရုံပြုလျက် ဘက်မှားကာ အာရုံ ခံစားမိချေ သော် တဏှာ ဝင်စေသဖြင့် ပညာ အမြင် မကြည်လင် ဖြစ်တတ်ချေသည်။

[ ၎င်း စာ-၆၅ ]

## အစီးမှန် ခံလို့ကောင်း

ဖိနပ် နှစ်ဖက် ရှိရာ၌ ဝဲယာ တည့်လျက် အစီး မှန်သော် အသွားကောင်းသဖြင့် ခံ၍ပင် ကောင်း သေးတော့။

ထို့အတူ ကောင်းမှု ခေါ်တွင်စေသည့် ဒါနမှု၊ အကူအညီပေးမှု စသည်တို့၌ တစ်ဖက်သားအပေါ် စာနာစိတ်ထား၊ ကရုဏာ အာရုံ ပွားလျက်က ပြုမှု

http://www.dhammadownload.com



ဆောင်ရွက်ပေးပါမှုကား သဒ္ဒါဝင်စေသဖြင့် ပညာအမြင် ကြည်လင် တောက်ပစေ၏။

မကောင်းမှု ခေါ်တွင်သည့် ကာမဂုဏ် ငါးပါးလိုက်စားရာတို့၌ မိမိဘက်၌သာ အာရုံကို မြဲမြဲစွာချိတ်ထားလျက်က ခံစားမိချေပါမှုကား ပညာဝင်စေသဖြင့် ပညာ အမြင်သည်ပင် ကြည်လင်တောက်ပ စေဘိ၏။

[ ၎င်း စာ-၆၅ ]

ဆရာတော်ဘုရားကြီးတို့ကဲ့သို့သော သူတော်ကောင်းကြီးများ၏ လမ်းညွှန်မှုများကို 'ကောင်းပါပေသည်' ဟူ၍ နှစ်သက် သဘောကျနေရုံမျှနှင့်လည်း မပြီးသေး၊ လိုက်နာ ကျင့်သုံးခြင်း မရှိလျှင် သူတော်ကောင်း ပါးစပ်ဖျား ခရီးဆုံးနေသူ ဖြစ်လိမ့်မည်ဟု ဆရာတော် ဘုရား သတိပေးတော်မူသည်။ သူတော်ကောင်း တရားဟူသည် အပျင်းပြေ ပဟေဠိအဖြေညှိနေခြင်း မဟုတ်။ သူ့ဝါဒ ကိုယ့်ဝါဒ အငြင်းပွားရမည့် ဒသနမျိုးလည်း မဟုတ်။ တကယ်လက်တွေ့ လုပ်ဆောင် အကောင်အထည် ဖော်ဖို့လိုပါသေးသည်။ ထို့ကြောင့် ဆရာတော် ဘုရားကြီးက ဤသို့ ညွှန်ပြတော်မူပြန်ပါသည်။

http://www.dhammadownload.com



## ခွကြားထိုင် ကိုင်ကြည့်မနေနှင့်

- လမ်းမှန်း သိလျက် မသွားသူ... ခရီးမတွင်လို သူသာ ဖြစ်ပါလိမ့်မည်။
- ကောင်းမှန်း သိလျက်နှင့် မစားသူ... အဆာခံ လိုသူသာ ဖြစ်ပါလိမ့်မည်။
- မြတ်မှန်း သိလျက်နှင့် မထားသူ... မွဲလိုသူ သာ ဖြစ်ပါလိမ့်မည်။

[ ၄င်း စာ–၆၃ ]

## ပေါ်တုန်း လုပ်ထား အားပြည့်သွားမယ်

ကောင်းသော ကိစ္စ မှန်သမျှ တစ်ရက်လျှင် တစ်ချက်ကျ အကြံ မထွက်တတ်။

မကောင်းသော အလိုရမ္မက်တို့၏ ဖုံးကွယ်မှု ကိုကား အမြဲခံနေရရှာသည်။

သို့ကြောင့် အကြံကောင်း တစ်ချက် ပေါ်လာ လျှင် ဆက်ဆက်သာ လက်ဦးအောင် ဖမ်းလုပ်တတ် မှ ကောင်းဘဝအင်အား ကြီးထွားမည်။

[ ၄င်း စာ–၅၅ ]

http://www.dhammadownload.com



သူတော်ကောင်းကြီးများ၏ လမ်းညွှန် နိတိ စကားဟူသည်ကား ထို သူတော်ကောင်းကြီးများ၏ အကျင့်ကောင်း၊ အကြံကောင်းများမှ ပေါ်ထွက်လာ လေရာ ထို နိတိစကားများကိုလျှင် လမ်းညွှန်ထား ဘဝခရီးသွား မှားစရာ မရှိတော့ပါချေ။ ။

http://www.dhammadownload.com

# အကောင်းမှအကောင်းဆုံးသို့

လူ့သဘာဝ အကောင်းကိုသာ လိုချင်ကြသည်။ အကောင်းဆုံးကို မျှော်လင့်ကြသည်။ အကောင်းမှသည် အကောင်းဆုံးဆီသို့ ဆိုတာသည် လူ့ဘဝ၏ နယ်ပယ် အသီးသီးမှာ ဖြစ်ပေါ်နေသော ချဉ်ခြင်းတပ်မက်မှု ဖြစ်သည်။ အပြောအဆို၊ အသုံးအဆောင်၊ အကျင့်အကြံ အရာအားလုံး အကောင်းမှ အကောင်းဆုံး ဖြစ်ချင်ကြသည်။ တစ်ကိုယ်ရေ ဘဝမှသည် မိသားစု ဘဝ၊ မိမိ တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ဘဝများ အကောင်းမှ အကောင်း ဆုံးသို့ ဦးတည်နေကြသည်။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



အကောင်းနှင့် စပ်လျဉ်းသမျှ 'သာရဏီယ ကထာ' တွင် ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီးက အောက်ပါအတိုင်း ညွှန်ပြခဲ့ပါသည်။

## အပြောကောင်းတိုင်း အကောင်းပြော မထင်လေနှင့်

တစ်စိတ် တစ်အိတ်လုပ် ပြောတတ်သူ၊ ကြမ်းပိုး လိပ်ဖြစ်အောင် ပြောသည်သို့သာ

ထိုသို့ ပြောတတ်သူသည် နားထောင်သူအား လှည့်ပတ်ရန် အခွင့် ချောင်းမြောင်းနေသူသာတည်း။

[ '၉၆ အောက်တိုဘာထုတ် သာရဏီယကထာ စာ-၁၀ ]

## အကောင်းပြောလျှင် အပြောကောင်းရည်းပဲ

အရှိကို အရှိအတိုင်း တိတိပပ ပြောလေသူ။

အရှည်ကို ကြည့်၍ အရှိကို ချဲ့၍ ပြောလေသူ။

အကြောင်းကို ကြည့်၍ အကျိုးကို ရှင်းပြလေသူ။

ဤသို့ ပြောတတ်သူသည်ကား နာခံသူ၏ ကောင်းစာရေး ရှေးရှု ပြောနေခြင်း ဖြစ်၍ ဘုဆတ် ဆတ် ပြောသော်မှ အပြောကောင်းပင်တည်း။

[ ၎င်း စာ-၁၀ ]

http://www.dhammadownload.com



# အကောင်းကြိုက်တတ်လျှင် အကောင်းကိုချည်း ရွေးလုပ်

သင်သည် အကောင်းကြိုက်သမား ဆိုတာ တကယ် မှန်သလား။

အကောင်းကြိုက်သမားတို့ မည်သည် ကောင်းသော စကား၊ မှန်သော စကားတို့ကိုသာ ပြောဆိုတတ်ခြင်း၊ ကောင်းသော အလုပ်၊ မှန်သောအလုပ်ကိုသာ လုပ်ကိုင်ခြင်း၊ ကောင်းသော အကြံ၊ မှန်သော အကြံအစည်ကိုသာ ကြံစည်ခြင်း ပြုလုပ်တတ်ချေ၏။

အကယ်၍ ထိုမှ ပြောင်းပြန် မကောင်းကြံ ပြော၊ မကောင်းသော လုပ်ရပ်မျိုး လုပ်နေရင်းက ကောင်းစားချင်သည် ဆိုလေရာ 'ငါးပိပုပ် တယ်ကောင်း' ဆိုသည့် စကားကဲ့သို့ ရှေ့နောက်နှစ်ပါး တစ်သားတည်း ကျမည် မဟုတ်။

[ ၄င်း စာ-၃၆ ]

http://www.dhammadownload.com



## ကြိုက်လို့ ကောင်းတာ မဖြစ်စေနှင့်
## ကောင်းလို့ ကြိုက်တာ ဖြစ်ပါစေ

ခွေးကား မစင် ကြိုက်၏။ ကောင်းသည်ပင် ထင်ချေ၏။

ယင်ကောင်ကား အပုပ် ကြိုက်၏။ ကောင်းသည်ပင် ထင်ချေ၏။

ထို့အတူ လူမျိုးတိုင်း၊ ဘာသာတိုင်းတို့သည် ကိုယ် ကြိုက်ရာ အကောင်းပြော၍ ကိုယ်ပြောရာ အကောင်းပင် ထင်နေမိတတ်ချေ၏။

ကောင်း၊ မကောင်း 'စံခွက်' ကား သဘာဝ တရားပင်တည်း။

ထိုလောက၏ သဘာဝကို အတွင်းကျကျ သိရှိထားပြီး သူ၏ အကြိုက်သည်သာ ကောင်း၍ ကြိုက်သော အကောင်းကြိုက် မည်ချေ၏။

အပုပ်ကို အကောင်း ပြောခြင်းကား ကြိုက်စိတ် မှွန်နေ၍သာတည်း။

[ ရှင်း စာ-၅၀ ]

http://www.dhammadownload.com



## ဆုံးအောင် ကောင်းမှ အကောင်းဆုံး

ဘာသာ၊ ဝါဒ ထွေရာရာ အမှု ကိစ္စတိုင်း အကောင်းချင်း တူနေလျှင် အကောင်းဆုံးကို ရွေးချယ်လေ။

ကောင်းရုံမျှဖြင့် အကြိုက်က မလွတ်၊ ဝင့်မကျွတ်။

အကောင်းဆုံးမှ အကြိုက်က လွတ် ဝင့်ကျွတ်ရမည်။

[ ၄င်း စာ–၅၁ ]

## အကောင်းဆုံးရှာ အဖော် မပါစေနှင့်

ဓားပြတိုက်ခြင်း၊ ခိုးခြင်းများ၌ အဖော်ပါလျှင် အဖော်ခံရတတ်သည်။ အဖော် ပါနေသဖြင့် ဝေစုခွဲပေးရ၍ အရလည်း နည်းနေတတ်သည်။ တရားရှုရာ၌လည်း...

အပြင် အဖော် ပါနေက အတွင်းဖော် မလာချေ။

အတွင်းဖော် ရှိနေက အပြင်ဖော် လာလည်း ကိစ္စ မရှိ။

http://www.dhammadownload.com



အတွင်းဖော်က ဖော်ပေးသွား၍ အမှု ပေါ်နေပြီ ဖြစ်၍တည်း။

[ ၀င်း စာ-၅၁ ]

## ကောင်းတိုင်းမလုပ်နှင့်၊ လုပ်တိုင်းမကောင်းဘူး
## အကောင်းမဆုံးလျှင်
## အဆုံးကောင်းလိမ့်မည်မဟုတ်

ပုညာဘိ သင်္ခါရ မှန်သမျှ ကောင်းမြိုးချည်း သာ။

အချို့ကား ကာမ ကောင်းဖြင့် အကောင်းလုပ်ကို လုပ်၏။ အချို့ကား ဈာန်ကောင်းဖြင့် အကောင်းလုပ်ကို လုပ်၏။ အချို့ကား နာမ်ကောင်းသက်သက် ဖြင့် လုပ်ချေသေး၏။ ထို အကောင်းများသည် အကောင်း မကုန်သေး၍ အကုန် မကောင်းသေးချေ။

ကောင်း၍ လည်ရသော လည်ပတ်နှုန်းသည် ဆိုးဆိုးရွားရွား လည်ရသော လည်ပတ်နှုန်းထက် ပတ်ရေ ပိုများပြီး အခံရပို၍ ရှည်ကြာနေတတ်လှ၏။ သင်္ခတ ဝါ မှန်သမျှ ကောင်းချင်သူချည်းပင်။ သင်္ခတဝါ မှန်သမျှ ကောင်းမည် ထင်၍ လုပ်သည်ချည်းပင်။

http://www.dhammadownload.com



သို့ဆိုသော်လည်း အကောင်း မဆုံးသဖြင့် ဆိုးစကို ပြန်နင်းနေကြရသည်ချည်းပင်။

အကယ်၍ အကောင်း၏ အဆုံးအထိ အကောင်းဆုံး အလုပ်ကို လုပ်ပါမူကား အကောင်းဆုံး၏ ထိပ်ဝ၌ ဆိုးစ မရှိတော့သဖြင့် ဆိုးစနင်းရန် လမ်းစ မပေါ်ချေပြီ။

ကာမ လမ်းကြောင်းကား ဒါန လမ်းကောင်း၌သာ ရပ်နားနေ၍ ရှေ့၌ လမ်းကြောင်း မဆုံးသေး။

ဈာန လမ်းကြောင်းကား သီလ လမ်းကောင်း၌သာ ရပ်နားနေ၍ ရှေ့၌ လမ်းကြောင်း မဆုံးသေး။

မဂ္ဂင်လမ်းကြောင်းကား နိဗ္ဗာန်လမ်းကောင်း၌သာ သွားလာနေ၍ ရှေ့၌ လမ်းကြောင်း မရှိတော့ပြီ။

[ ၎င်း စာ-၆၃ ]

## အကောင်းဆုံးကို ခံစားလိုလျှင် အဆုံးကောင်းအထိ လိုက်ပါ

ကောင်းစဉ်သာ ရပ်တန့် ထားသူသည် အကောင်းဆုံးကို ခံစားပိုင်ခွင့် မရနိုင်ချေပြီ။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



လူတိုင်းသည်ကား ကောင်းစဉ်သာ မေးတင် ထားတတ်ချေ၏။

ငရုတ်သီး၏ စပ်ခြင်း၊ ထန်းလျက်၏ ချိုခြင်း၊ သံပရာ၏ ချဉ်ခြင်းတို့သည် ကောင်းစဉ်သာ ရှိသေးကြောင်း သဘောပေါက်ရာ၏။

[ ၎င်း စာ-၇၃ ]

## လုပ်တိုင်း မကောင်း ပေါင်းတိုင်း မချစ်

အပြောကောင်းတိုင်း အကောင်းပြော မဖြစ်နိုင်။

အကောင်းပြောတတ်သူသာ အပြောကောင်း ဖြစ်နိုင်ချေသည်။

ပျော်ကောင်းတိုင်းလည်း အဖော်ကောင်း မဖြစ်နိုင်၊ ကောင်းမြင့်ရာကို ဖော်ဆောင်မှသာ အဖော်ကောင်း ဖြစ်နိုင်ချေသည်။

[ ၎င်း စာ-၇၄ ]

အကောင်းကြိုက် လိုက်ဖက်အောင် ပြင်ပေါင်း

ပစ္စည်း သန့်သန့်ချည်းကိုသာ ရွေးချယ် သုံးစွဲတတ်လေသူသည် ဦးစွာ မိမိကိုယ်ကို စင်ကြယ် သန့်ပြန့်စွာ ပြုပြင်ထားရာ၏။

http://www.dhammadownload.com



ပစ္စည်းကောင်းချည်းကိုသာ သုံးဆောင်တတ်သူသည်လည်း မိမိစိတ်ကို ကောင်းစွာ ပြုပြင်ထားရှိပြီးမှ သုံးဆောင်ရာ၏။

မိတ်ဖက်ကောင်းကို ပေါင်းသင်းလိုသူသည်ကား မိမိ ကိုယ်ကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း ကောင်းစွာ မွေးမြူပြီးမှသာ ပေါင်းသင်းရာ၏။

အကောင်းကို ကိုင်လိုသူ မှန်သမျှ အကောင်းကို နိုင်နင်းစွာ ကိုင်တတ်ရန် လက်ဦးကပင် ကောင်းနှင့်ထားမှ ရေရှည်ခံမည်။

[ ၎င်း စာ–၇၅ ]

## အကောင်းလွန် ကျွန်ဖြစ်

ကောင်းလွန်းလျှင် မကောင်း၊ မကောင်းလွန်းမှ ကောင်းတတ်သည်။

ကောင်းသော်ကား ကောင်းလေ လိုက်စားလေဖြင့် ကြာသော် နယ်ကျွံသွားတတ်ပြီး တဏှာကျွန်ဘဝ လှလှကြီး ရောက်ရတတ်သည်။ သူတစ်ပါးဖဝါးအောက် အလျားမှောက်လျက်က အလူးအလိမ့်ခံရတတ်ချေသည်။

http://www.dhammadownload.com



မကောင်းလွန်းလျှင်ကား တစ်ခါနှင့် ပြတ်သဖြင့် တဏှာ၏ အလှည့်အပတ် မခံရတတ်ပြီ။ ။

[ဥင်း စာ-၇၉]

http://www.dhammadownload.com

# အကောင်းဆိုတာတကယ်ကောင်းရဲ့လား

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက 'သာရဏီယ ကထာ' ကို ကိုယ့်ကိုယ်ကိုယ် ရှုမြင်ခြင်း ဟူ၍လည်းကောင်း၊ ဓမ္မ အကျဉ်းပြ နိဒ်တိစကားဟူ၍ လည်းကောင်း ညွှန်းဆိုပါသည်။ ၁၉၉၆၊ အောက်တိုဘာလထုတ် 'ဉာဏ ဒဿန ကထာ' ကိုကား 'လောကကို ထွင်းဖောက် ရှုမြင်နည်း' ဟု ညွှန်းဆိုပါသည်။ ဆရာတော်ဘုရားကြီး၏ ဓမ္မ ဒဿနများနှင့် စပ်လျဉ်း၍ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က အောက်ပါအတိုင်း သုံးသပ်ခဲ့ဖူးပါသည်။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



- အတွင်းကို ကြည့်တတ်အောင်၊ အပြင်ကို မြင်တတ်အောင် သင်ပြနေခြင်း ဖြစ်သည်။
- မိတ်ဆွေကို၊ ရန်သူကို ခွဲခြား မြင်တတ်အောင် သင်ပြနေခြင်း ဖြစ်သည်။
- အတွင်းကို မြင်မှ အပြင်ကို မြင်ရသည်။
- မိတ်ဆွေကို တွေ့မှ ရန်သူကို မြင်ရသည်။
- ငါ ဘာလဲဟု ကိုယ့်ကိုယ့်ကိုယ် သိမှ သူများကို ဘာလဲဟု သိမြင်သည်။

သို့မှသာ ရှောင်ရမှာကို ရှောင်၏။ ဆောင်ရမှာကို ဆောင်မည်။ ရှောင်စရာ ရှောင်လျှင် ဆောင်ပြီးဖြစ်သည်။ ဆောင်စရာ ဆောင်လျှင် ရှောင်ပြီးသား။ နှစ်ခု ထင်ရသော်လည်း တစ်ခုတည်းပင်။ ထိုတစ်ခုကို သိအောင် လုပ်ရသည်မှာလည်း တစ်ခုတည်းပင်။ အရာရာကို သတိပြုခြင်းပင်တည်း။

[ ၎င်းစာအုပ်။ ။ပေခြောက်ထောင်ကျော်မှ စီးဆင်းလာသော စမ်းရေတစ်ပေါက်မှ ]

ဆရာတော် ဘုရားကြီး၏ ဓမ္မနိတိများမှ ကျွန်တော်တို့ လိုချင် ပြင်းပြလှသော 'အကောင်း ဒဿန' ကို ဆက်လက် နာကြား မှတ်သားကြပါစို့။

http://www.dhammadownload.com



## အကောင်းမက် အသက်ပေါင်

မကောင်းအာရုံကို ခံစားရာ၌ တစ်ချိန့်နှင့် ပြီးစီး၍ နောက်တစ်ချီ နောက်တစ်ချီအထိ ချီစရာ မလို။

ကောင်းအာရုံ တစ်ချီ ခံစားခွင့် ရလျှင်ကား တစ်ချီနှင့်လည်း မပြီး။ နှစ်ချီနှင့်လည်း မပြီးစီးတတ်။

တစ်ချီထက် တစ်ချီ ရမ္မက် ပြင်းလာတတ်သဖြင့် အသက်ထက်ဆုံး သူ့ကျွန်ခံကာ သူ့အလို လိုက်၍ သူ့အကြိုက်ပေးရတတ်ချေ၏။

[ '၉၆ အောက်တိုဘာ၊ သာရဏီယကထာ စာ–၈၉ ]

## ကလေးတောင်း အကောင်းမထင်နှင့်

ကလေးမည်သည် ကောင်းမကောင်းအကြောင်း မသိ။ သူကြိုက်သော် ငိုတောင်း၊ မကြိုက်သော် လည်း ငိုတောင်းတတ်၏။ သည့်အတူ ရာဂ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့သည် မျက်စိပါသော အရာ မဟုတ်ကြချေရကား ကြိုက်သော် ကြိုက် သလောက် ထန်ပြင်းစွာ ပူဆာတတ်ချေ၏။ မကြိုက် သော်ကား မကြိုက်သလောက်ပင် ပြစ်မှားပေးစေ ၏။ မသိသော်ကား မသိတိုင်းပင် စော်ကားစေ၊ ပြစ်မှားပေးစေလေ၏။

http://www.dhammadownload.com



ထို ကိလေသာတို့ ထလို့ မိမိ စိတ်ကြွလျက်က ကိုယ်ထိ လက်ရောက် ကံမမြောက်စေသင့်။

ကြိုက်တိုင်း လုပ်က... လုပ်သလောက် အငြိ နာမည်။

မကြိုက်တိုင်း လုပ်က... လုပ်သလောက်ပင် အထိ နာမည်။

မသိတိုင်း လုပ်က... လုပ်သလောက်ပင် အမိ နာမည်။

[ ၎င်း စာ-၉၇ ]

## သေကံကောင်းမှ အလောင်းလှ

အနေတတ်မှ အသေ တတ်ချေမည်။

အနေမတတ်သေးက အသေလည်း မတတ် သေး။

နေစဉ် ကာလ အာရုံ ခင်မင် ပညတ်တင်၍ ခံစားကြလေသူတိုင်း အကြိုက်၌ ငြိခြင်း၊ မကြိုက်၍ ထိခြင်း၊ မသိ၍ မိခြင်းတို့ဖြင့် ရောထွေးနေတတ် ကြ၏။

သေခါနီး ခင်မင်ရာစွဲ၍ စိတ်နင့်နေသော် သေ သော ကာလ မျက်နှာ ငြိုးနွမ်းနေတတ်ကြ၏။

http://www.dhammadownload.com



သေခါနီး မခင်မင်ရာ စွဲမိ၍ စိတ် မကျေမချမ်း ဖြစ်နေသော် သေသောကာလ မျက်နှာ မဲ့မဲ့ကြီး ဖြစ်နေတတ်ကြ၏။ သေခါနီး နောက်က ပြုခဲ့သော ကုသိုလ်ကံကို အာရုံပြုမိသူက သေသော ကာလ ပြုံးပြုံးလေးပင်တည်း။

[ ရှင်း စာ-၉၈ ]

## မကောင်းငြိ ခေါင်းထိနေလျှင် မရှုန်းနိုင်

ဦးခေါင်း၌ ရှိသော ဆံပင်တို့ ဆူးခက် ငြိနေ သော် လူတို့သည် ရုန်းခြင်းငှာ မတတ်နိုင်ရာပြီ။

သည့်အတူ ကိလေသာအပူ မကောင်းသော အမူအကျင့်တို့၌ အစွဲနာနေသူသည်လည်း မကောင်း မှန်း သိသော်မှ နယ်ကျွံနေပြီ ဖြစ်သဖြင့် (မလွယ်ဘူး ဟူသော ဆင်ခြေတို့ဖြင့်) မျက်စိမှိတ်၍ ရုန်းကန် မထွက် ရှိတတ်ချေ၏။

အရက်သမား အရက်၌ နယ်ကျွံနေသော် ထို အရက်ကြောင့် ရောဂါ မည်မျှ ကျွမ်းနေပစေ မထူး ဓာတ် ခင်းမည်သာ။

[ ရှင်း စာ-၉၈ ]

http://www.dhammadownload.com



## အကောင်းကြိုက် အပျက်နှိုက်ပေါင်း

အကောင်းကြိုက်သူသည် အကောင်းထင်နေတတ်လှ၏။ တကယ်ပေါင်းကြည့်၍ အရှိသရုပ်ပေါ်လာသော် အကောင်းထင်သလောက်ပင် အဆိုးပေါ်လာတတ်ချေ၏။

သင်သည် တွေ့စကတည်းက သက်ရှိချင်း၌ဖြစ်စေ၊ သက်မဲ့၌ ဖြစ်စေ သူ့ပင်ကို သဘောသတ္တိကို လေ့လာပြီးစီးမှ လက်ခံသော် အကယ်တိ ဆိုးသော်မှ မတုန်လှုပ်တော့ပြီ။

[ ရှင်း စာ–၁၀၇ ]

## အကောင်းမျိုး အဆိုးကြားမှာ ရှာကြည့်

တစ်ဖက်အပေါ် လိုလားစိတ် ဝင်နေတုန်း အကောင်း မတွေးနှင့်၊ သင်ကြိုက်နေသမျှအကောင်းချည်း ထင်နေတတ်သည်။

တစ်ဖက်အပေါ် လိုလားခြင်း အလျှင်းမရှိမိ လေ့လာကြည့်မှ ပင်ကိုကောင်း တွေ့ရတတ်သည်။ သူ့အရှိကို မိမိရရ လေ့လာခြင်းသည် သူ့သဘောကို ပေါ်လောပေါ်အောင် ဝင်စား၍ ရသည်။

http://www.dhammadownload.com



စင်စစ် မည်သည့် ကိစ္စမဆို အကြိုက် မတွေ့မိ အကောင်းရှာထားလေ။

[ ၎င်း စာ–၁၀၈ ]

(ဤမျှ ဆိုလျှင် 'အကောင်းဆိုတာ အကောင်းလား'ဟူသည်ကို ခွဲခြား သိမြင်နိုင်လောက်ပါပြီ။ အကောင်းဒဿနများနှင့် စပ်လျဉ်း၍ '၉၉ ရှုလိုင်ထုတ် သာရဏီယ ကထာမှ နိတိ တစ်ခုဖြင့် အနားသတ် ပေးလိုပါသည်။)

## ဘုရားတပည့် ဘုရားနှင့် တည့်မှကောင်း

ဗုဒ္ဓဝါဒီ အမည်ခံများသည်...

ဘုရားက ငါမရှိ၊ သူမရှိဆို၏။ အားလုံးတို့က ငါ သူ သတ်မှတ်လျက်က ပေါင်းဖက်နေကြကုန်၏။

ဘုရားက မမြဲဆို၏။ အားလုံးက အစွဲအမြဲထားကြကုန်၏။

ဘုရားက အပျက်ချည်း ဆို၏။ အားလုံးက အကောင်း လုပ်နေကြ၏။

ဘုရားက အနှစ်မရ သဘောမျှ ဆို၏။ အားလုံးက အနှစ်ပြည့်၊ အချစ်ပြည့် ထိသမျှ ကောင်း၊ မိသမျှလည်း အပိုင်ဟူ၍ လက်ခံထားကြကုန်၏။

http://www.dhammadownload.com



ဘုရားတပည့် ဘုရားနှင့်မှ မတည့်လျှင် ဘုရားသား၊ ဘုရားသမီး အမည်ခံဖို့ပင် မကောင်း။ ။

http://www.dhammadownload.com

# နှစ်ကိုယ်ကြားနှစ်ဖက်မြင်

သူတော်ကောင်းဟူသည် ကိုယ့် အပြစ် ကိုယ် ဦးစွာ ရှုမြင်ရသည်ဟု ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ဆုံးမခဲ့ဖူးပါသည်။ ကိုယ့်အပြစ် ကိုယ် မြင်လျှင် သူတစ်ပါးကိုချည်း အပြစ်ပုံချတတ်သော ငါတကော သမား ဘ၀၊ အတ္တသမား ဘ၀၊ တဏှာမာန ဒိဋ္ဌိသမားတို့၏ ဘ၀များမှ လွတ်မြောက်ပြီး ဗုဒ္ဓဘာသာကောင်း တစ်ယောက် ဖြစ်လာနိုင်ပေသည်။ လူမှု ဆက်ဆံရေးနယ်ပယ်တွင် လည်း သူ့ဘက် ကိုယ့်ဘက် နှစ်ဖက် မျှကြည့်သဖြင့် ကိုယ်ချင်းစာထားမေတ္တာပွားရာ ရောက်ပါသည်။

http://www.dhammadownload.com



# သူ့အကြောင်း သိချင် ကိုယ့်အကြောင်း အရင်ကြည့်

မိမိ၏ အကျင့်သတိဖြင့် ချင့်လျက်က ကျင့်လည်း ကျင့်၊ ချင့်လည်း ချင့်ဖြင့် အသင့် နှလုံးသွင်းတတ်ခဲ့သော်...

မိမိအကြောင်း မကောင်းပုံ သိသည်နှင့် တစ်ပြိုင်နက် သူတစ်ပါး အကြောင်းစုံ မကောင်းပုံလည်း သိရတော့သည်သာ။ မိမိလက် မီးပူထိရာ၌ တစ်ဖက်၏ မီးအကြောင်း ကောင်းကောင်းကြီး သိလိုက်ရသည့် ပမာပင်။

တစ်ဖန် မိမိအကြောင်း ကောင်းပုံ သိသည်နှင့် တစ်ပြိုင်နက် သူတစ်ပါး ကောင်းဂုဏ်လည်း အစုံ သိရတော့သည်သာ။

ကောင်းသတင်းသာ ကွာခြား၊ အကောင်းချင်းကား တစ်သားတည်း ဖြစ်နေသောကြောင့်ပင်။ ကောင်းမှုခေါ် ကုသိုလ် ပြုရာ၌ ထိုပြုရာ ဝတ္ထု၊ ပုဂ္ဂိုလ်သာ ကွာသော်လည်း ကုသိုလ်၏ အရင်းခံ သတ္တိ ဖြစ်သော အပြစ် မရှိခြင်း၊ ကောင်းကျိုးပေးခြင်း ထိုအရင်းခံများကား တစ်သားတည်းမျှသာ။

http://www.dhammadownload.com



မည်သည့် ကောင်းမှုမဆို ကောင်းမှု စစ်ခဲ့လျှင် ထို နှစ်ပါးထက်လည်း မပို၊ ထို နှစ်ပါးအောက်လည်း မလိုချေ။

[ '၉၉ ဗုဒ္ဓလိုင်ထုတ်၊ သာရဏီယ ကထာ စာ-၄၇ ]

## သူ့အပြစ် မထစ်နှင့် အစ်တတ်သည်

ရေစီးဆင်း လိုမ့်ဝင်လာရာကြား ကန်သင်း မထားနှင့်။

အသွားနှင့် အတား နှစ်ပါး တိုက်က ခိုက်ခိုက် တုန် ခုန်လာတတ်ချေသည်။ သည့်အတူပမာလျှင် သူဖြစ်လိုရာ အပထား ကိုယ် ဖြစ်လိုကြား ဆွဲသွင်း ထားမိချေသော် ငြင်းခုံမကင်း၊ လမ်းမရှင်း လက်ငင်း ဒုက္ခတွေ့တတ်သည်။

ရေစီး လိုမ့်ဝင်လာရာရှေ့ ကတွတ်ပေါက် ဖွင့်ပေးထားပါက သွားလမ်း သာသဖြင့် မှန်းရာ တန်းကာဝင် အစဉ် ချောမွေ့တတ်ချေသည်။ သည့် အတူပမာလျှင် ဖြစ်လိုရာ ကိုယ်ပါစေပြီး သာသာ ညင်းညင်း သွင်းပေးတတ်လျှင် အငြင်းခုံကင်းသွား လမ်းရှင်း လက်ငင်း ချမ်းသာ ရတတ်သည်။

[ ၎င်း စာ-၅၀ ]

http://www.dhammadownload.com



## ကိုယ့်ရိုက်ဖို့တုတ်ရွေး သူ့ထက် မသေးစေနှင့်

သူတစ်ပါး ကိစ္စ အပြစ် အနာအဆာ ပြလျက်က မညာမတာ ဝေဖန် ပုတ်ခတ်လေ့ ရှိသူသည်ကား ကိုယ့်ကိုယ်ကိုယ် ကျလျှင်ကား အသက်ညှာဆုံး စကားလုံးများကို ရွေးလျက်ကသာ ဆင်ခြေပေး တတ်လှစွာ၏။ ထိုကဲ့သို့ သူ့ မညှာတာ ကိုယ့်မှာကျ အသာတကြည် ခွင့်လွှတ်တတ်သူမျိုး၌ သူ့အရှိ မာနတရားသည် ဂုတ်ပေါ်မှသည် ခေါင်းပေါ်ဆီသို့ တက်နင်းတော့မည်။

[ ဝင်း စာ-၅၁ ]

(ဆရာတော်ဘုရားကြီး၏ နိတိများမှာ ဘဝနေနည်းလည်း ဖြစ်သည်။ ခရီးသွား၏ လမ်းပြ မြေပုံသဖွယ်လည်း ဖြစ်သည်။ ဤ နိတိများကိုသာ လိုက်နာ ကျင့်သုံးလျှင် ဘဝမှာ မှားစရာ မရှိတော့။ မအောင်မြင်စရာလည်း မရှိတော့။ ဘဝကံ ပါလာသမျှ ကောင်းမွေများကို တည်ငြိမ်ရာမှ တိုးပွားအောင် စွမ်းဆောင်နိုင်မည်မှာ မုချ ဖြစ်ပါသည်။ လူ့လောကဝယ် 'သူနှင့် ကိုယ်' ဟူသော ဘက်ကွဲနေမှုကို ဆရာတော်ဘုရားကြီး၏ နိတိများ က နိုးစပ်

http://www.dhammadownload.com



ပြေလည်အောင် ရင်ကြားစေ့ပေးပါသည်။ တကယ် အလေးအနက် ခံယူ ကျင့်သုံးနိုင်ပါမူကား သူလည်း ကိုယ်၊ ကိုယ်လည်း သူ အေးအတူ ပူအမျှ တစ်ထပ် တည်း ကျသွားနိုင်ပေရာ လောက၏ ငြိမ်းချမ်းရေး ကို ပေးဆောင်နိုင်သည့် 'ရွှေစည်းမျဉ်း များ' ဟုပင် အမွှမ်းတင်ထိုက်ပါပေသည်။

လူနှင့် လောကကို ဆက်စပ်ပေးထားသော နီတိများကို ဆက်လက် မှတ်သားစေချင်ပါသည်။)

## ပြောတိုင်းဟုတ် အပုပ် မဆန်သာ

လူတို့သည် အချင်းချင်း မနာလိုခြင်း၊ ဝန်တို ခြင်း၊ အကြံတူ ရန်သူပမာ ဖြစ်ခြင်းများနှင့် ယှဉ် မိလေသောအခါ တစ်ဖက်သား စိတ် ဖိနှိပ်လိုရကား

တစ်ဖက်၏ မကောင်းသတင်း အတင်းအဖျင်း ဆင့်၍ သွားပုပ်လေလွှင့် ဖွင့်ထုတ်၊ မတော်မတရား သမုတ်ကြမြဲပင်။ ၎င်းတို့ ပြောတိုင်းသာ စကား နောက် တရားပါနေရိုးမှန်သော်ကား ထိုသူ၏ သရုပ် ငါးပုပ်ကပင် အဘ ခေါ်ရပေမည်။

[ ၎င်း စာ–၈၄ ]

http://www.dhammadownload.com



## မြှောက်တိုင်း မြှောက် အထောက် မခံသာ

မြှောက်စား စားတတ်လေသူ၌

အတွင်းဝယ် အကောက်ကြံ တစ်မျိုး တိုးကပ် ထားလေ့ ရှိ၏။ အကယ်တိတိ မြှောက်ရ၍ ပြန်လည် ချလိုက်လေသော အခါ သူ့လက်တွင်းရှိ ထို အကောက်ကြံ ထောက်တန် ကိရိယာ၏ ကိုယ်ထိ လက်ရောက်အောက်ပင့်ထောက်အထောက်ခံရသော...

မြှောက်လေသူခမျာ

အထောက်၏ အပေါက်ရာ ကောက်ဖာ... ဖာ သော်မှ နာလန်မထပြီ။

[ ငင်း စာ–၈၅ ]

## ချောက်တိုင်းကြောက် အညှောက်မခံသာ

ချောက်စား စားတတ်လေသူ၌

အပြင်ဝယ် အထင်ကရ ချမည့် ကိရိယာ ပါမြဲသာ။ အကယ်တိတိ ချောက် (ခြောက်) ရ၍ မထတော့သောအခါ လက်ဝယ်ဝင့် အသင့် ကိုင် ထားသော ခြောက်တံ ကိရိယာဖြင့် ကိုယ်ထိ လက် မြှောက် အကွက်ထောက်၍ အဖောက်ခံရသော်

http://www.dhammadownload.com



ကြောက်လေသူခမျာ

ဉာဏ်အညှောက် အပေါက်ရာ ကြောက်ကာ

ကာသော်မှ ဖာမရတော့ပြီ။

[ ၄င်း စာ–၈၆ ]

## မြှောင်းကသာခံ ရေသံက ဘယ်မတုံး

သူ့အကျိုး သည်ပိုးလို၍ ရေလာမြောင်းပေး

ပြောလျက်နေပါသည်ကို

တစ်ဖက်က သူအား လာရောက်၍ လောကွတ်

ချော်ရန်ကောဟူ၍များ လွှဲမှားစွာ အထင်ခံရလျှင်

ကိုယ့်ဓားက ကိုယ့်ခါး ထိုးသည်ထက် အခံရ

ခက်လှချေသည်။

[ ၄င်း စာ–၈၇ ]

## ကျားကွက် မရှေ့လေနှင့် ကျားကွက်ရွှေ့ အတွေ့ပေါ်တော့မည်

သင့်အား အထင်ကြီးလျက် ရှိနေသူကို အထင်

သေးရန် သွားမစော်ကားမိစေနှင့်။ စော်ကားမိသော်

အထင်ကြီးပြီးသူ အထင်သေးက အထင်သေးနေကျ

http://www.dhammadownload.com



သူထက် ပို၍ ပို၍ အထင်သေးခံရတော့ကာ သူ့ ရှိ မာန၏ ထွေငေါ်ခြင်းကိုပါ ခံရတော့မည် မုချ။

တစ်ဖန် သင့်အား အထင်သေးနေသူကို အထင်ကြီးလာစေရန်လည်း သင် အားမထုတ်လေနှင့်။ အားထုတ်မိသော် အထင်သေးပြီးသူ ပြန်လည် အထင်ကြီးလာပါက အထင်ကြီးနေကျ သူထက် ဆထက်ကဲအထင်ကြီး ခံရတော့ကာ သူ့ရှိ တဏှာ ၏ အန္တာကိုပါ ဆက်ကာ ဆက်ကာ ခံရတော့မည် ကေန်။

[ ၄င်း ၈၁–၈၈]

## အပြောဖြင့် ဇာတ်အိမ်ဖွဲ့ ခါးနဲ့ဖို့သာ ပြင်

အပြောချို သူ့ထိ နှောရိ ရှိ၍ ဆွေးတတ်သည်။

အပြောတို ကိုယ့်ထိ ကြောရိ ရှိ၍ ဆွေးတတ် သည်။

အပြောလို နှစ်ဖက်ထိ ကွက်ရိ ရှိ၍ ဆွေးတတ် သည်။

http://www.dhammadownload.com



စင်စစ် အပြောနှင့် ဆင်သော ဓာတ်ကွက် မှန်
သမျှ ယနေ့ဆက် နက်ဖြန် ပျက်မှာ သေချာသည်။
[ ၎င်း စာ-၈၉ ]

(ဆရာတော်ဘုရားကြီး၏ နိတိ အသွားမှာ စကားလုံး ကျစ်လျစ်၍ တစ်ခါတစ်ရံ ကဗျာဆန်သည်။ ထို့ကြောင့် ဖတ်ပြီး တွေးကြည့်လေ အရသာ ပေါ်လေ ဖြစ်ရတတ်သည်။ အောက်ဖော်ပြပါ နိတိမှ 'နားကြောစိမ့် ရောဂါများ' ဟူသော စကားလုံးကို တွေးကြည့်ပါ။ အရသာခံကြည့်ပါ။ မည်မျှ ကျစ်လျစ်၍ မည်မျှ ကျယ်ပြန့် ခိုင်ခန့်သည်ကို တွေ့မြင်နိုင်ပါသည်။)

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ပြုံးရယ်ခြင်း၊
မဲ့ခြင်း စသည့် ဖြစ်စဉ်အားလုံးတို့သည်
စိတ်လေတို့ မခံနိုင်ရာမှ ထ၍ လှုပ်ယမ်းလာ
သော
'နားကြောစိမ့် ရောဂါများ' ချည်းတည်း။ ။
[ ၎င်း စာ-၈၉ ]

http://www.dhammadownload.com

# အောင်မြင်ရေး၏သော့ချက်များ

လူတိုင်း ကြီးပွား အောင်မြင်လိုကြသည်။ ထို့ကြောင့် ကြီးပွားရာ အောင်မြင်ကြောင်း နည်းလမ်းကောင်းများကို ရှာကြသည်။ ထိုနည်းလမ်းများအနက် 'လူအကြောင်း လောကအကြောင်း သိခြင်း' သည် ကြီးပွားရာ အောင်မြင်ကြောင်း၏ နည်းလမ်းကောင်း တစ်ခု ဖြစ်သည်။ ထို နည်းလမ်းကောင်းကို ဆရာတော်ဘုရားကြီး၏ နိုတိများက ပေးဝေပြီးသား ဖြစ်သည်ဟု ဆိုချင်ပါသည်။ တစ်နည်းအားဖြင့် ဤ

http://www.dhammadownload.com



နီတိများသည် အောင်မြင်ရေး၏ သော့ချက်များ ဟုလည်း ဆိုအပ်ပါသည်။

## ရှယ်ကြည့် အချိန်သိပြီးသား

တစ်ဦး တစ်ဦးစီဝယ် 'အချိန်နှင့် အရွယ်' ဟူ၍ နှစ်မျိုး နှစ်မျိုး ရှိချေရာ မိမိ၏ အရွယ်ကို ချင့်၍ ကျင့်စရာ ရှိသည်ကို ကျင့်ဖို့ လို၏။

အရွယ်သည် အဓိက၊ အချိန်ကား ပမာဏမျှ သာ။

အကယ်တိတိ... အရွယ်ကိုကား မကြည့်၊ အချိန်ကိုသာ ကြည့်လျက်က စောသေး၊ နောက်ကျသွားပြီ စသည်ဖြင့် ဆနေသော် အရွယ်ကား အချိန်ကို စောင့်လိမ့်မည် မဟုတ်။ သူ့သတ္တိ ဂုဏ် အဟုန်ကို နင်းလျက်က တရစပ် စုန်ဆင်းနေမည်သာ။

အချိန်ကား သင်မလာခင်ကလည်း ရှိသည်။ သင်ပြန်သွားလည်း ရှိနေမည်သာ။ အချိန်ကား ကုန်သည် မရှိ၊ အရွယ်သာ ကုန်ပြီ ရှိချေသည်။ သင်ကား ဘာ့ကြောင့် အချိန်ကို စောင့်နေရ သနည်း။

[ '၉၉ နှလိုင်ထုတ်၊ သာရဏီယကထာ စာ–၁၂၀ ]

http://www.dhammadownload.com



## နံ့ကောင်ဘဝရောက်ပါမှ ဆင်သားစားလိုပါသည့် တမနေနှင့်

လူ့ဘဝရောက်ဆဲကာလ ဒုလ္လဘ အခွင့်အရေးများ အသုံးချရန် လောကီဥစ္စာ ရလျှင်ရ၊ မရ လောကုတ္တရာ ဥစ္စာ ရစေရမည်။ အချိန်ကောင်း အချက် အလကား သက်သက် မကုန်စေရာ။ ထို လူ့ဘဝ၌ပင် ယနေ့ရဆဲ ဘဝ အရွယ် မလွန်မီ ဥစ္စာ နှစ်ပါး သိုမှီးထားသင့်၏။ စိတ်ဓာတ် ရုတ်ဓာတ် မတောင့်တင်းသော အိုနာကျိုးကန်း ဘဝရောက်မှ ထို နှစ်မျိုး တိုးတက်ချင်ပါသည်ဆို၍ မရနိုင်ပြီ။ အကယ်တိတိ...

နှောင်းသောကာလဟူ၍ ဖြစ်ခွင့်ရလာသည့်တိုင် ယနေ့ လူသားတို့၏ စိတ်ဓာတ်၊ ရုပ်ဓာတ် ဖွံ့ထွားနှုန်းမျိုး မရတော့ပြီ ဖြစ်ရာ... နှောင်းသော ကာလ လူ့ဘဝသို့ ရောက်လေမှ သည့်ထက်သည် ကြီးပွားအောင် ကြိုးစားမည်ဆိုလည်း ရခွင့် ရလမ်းကား မပွင့်နိုင်တော့ပြီ။ ယနေ့ ရဆဲ ဘဝအရွယ်ကောင်း တုန်းသော်မှ သင်ပိုင်သည့် အချိန်ကား ယနေ့ တစ်ရက်တည်းမျှသာ။ အကယ်တိတိ...

http://www.dhammadownload.com



နက်ဖြန် ကံ အရှိန် ထိုးကျသဖြင့် အသေဆိုးနှင့် သေသွားရပါမူကား အပါယ်နစ်ထဲ ဝဲလည်နေရမည် ဖြစ်ရာ လူ့ဒုလ္လဘနှင့် ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ နှစ်ပါး သင်နှင့်ကား လားလားမျှ ဆိုင်လိမ့်မည် မဟုတ်တော့ပြီ။

[ ၎င်းစာ–၁၂၇ ]

ခနဲ ပျက်လိုက ပျက် အင်္ဂ မပျက်စေနှင့်
အင်္ဂ ပျက်လိုက ပျက် ဇီဝ မပျက်စေနှင့်
ဇီဝ ပျက်လိုက ပျက် သီလတော့ မပျက်ပါစေနှင့်။

၁။ ပစ္စည်းဥစ္စာများနှင့် အင်္ဂါ၊ခြေလက် ပြိုင်လျက်က အန္တရာယ် ကြုံသော် ပစ္စည်းဥစ္စာကိုသာ စွန့် အင်္ဂါများကို မစွန့်ရာ၊ အင်္ဂါစုံက ရွှေပုံငွေပုံ သည့်ထက်စုံ အကုန် ရနိုင်ပါ သေးသည်။

၂။ အကယ်တိ… အင်္ဂါ ခြေလက်တို့နှင့် အသက်ပြိုင်လျက် အန္တရာယ်ကြုံသော် အသက်ကို တွယ်ဖက် အင်္ဂါ ခြေလက်များသာ စွန့်လွှတ်ရာ၏။ အသက်ရှိက လူသိ–သိ၊ လူ၏ တန်ဖိုး ဖြည့်နိုင်ပါသေးသည်။

http://www.dhammadownload.com



၃။ အကယ်တိ... အသက်နှင့် ကိုယ်ကျင့် နှစ်ချက် ဆင့်၍ အန္တရာယ် ကြုံခဲ့သော် ကိုယ်ကျင့်ကို စောင့်စည်း အသက်ကိုချည်း ပို့လွှတ်လိုက်ပါ။

ကိုယ်ကျင့် မပျက်က လူသက်မက နတ်သက်ပင် ရနိုင်ပါသည်။

[ ၄င်း စာ–၁၁၈ ]

မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ဖွင့်ပြသော အောင်မြင်ရေး သော့ချက်များမှာ ဒိဋ္ဌ ဓမ္မကျလှသည်။ လောက သဘာဝကို ရှုမြင်ရာ၌ တစ်ဘဝ တစ်ခဏ ရေတို ကောင်းစားရေးအတွက်သာ ဆင်ခြင်သည် မဟုတ်။ သံသရာခရီးသွား၏ နောင်ဘဝများနှင့် အဆုံးနိဗ္ဗာန် ဝင်ချိန်အထိ မျှော်ခေါ်ပြီး အခုလည်း ကောင်း၊ နောင်လည်း ကောင်း အောင် ညွှန်ပြခြင်း ဖြစ်သည်။ အပြစ်ကင်း အကျိုးရှိဟူသော ကုသိုလ်နှင့် ယှဉ်သော ညွှန်ပြချက်များလည်း ဖြစ်ပါသည်။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



## ကိုယ်ကျင့်ကောင်းမှ နောက်ကြောင်းလှ ပေါင်းရ စိတ်ကြိုက်သာ

ကာမသီလတို့ဖြင့် ကိုယ် နှုတ် စောင့်စည်း စိတ်ကြိုက်တဏှာ၏ အလိုသို့ ခွမစီးသော် ဤဘဝ၌ကား ကာမသုခများကို အဆင့်မြင့် ခံစားခွင့်ရချေပြီး သံသရာ၌လည်း ကာမ အထက်တန်းစားသာ ဖြစ်ရာ၏။

ဗြဟ္မာ သီလတို့ဖြင့် ကိုယ်နှုတ် စောင့်စည်း စိတ်ကြိုက် တဏှာ၏ အလိုသို့ ခွမစီးသော်ကား ဤဘဝ၌ ဈာန်ချမ်းသာများကို အဆင့်မြင့် ခံစားခွင့်ရပြီး သံသရာ၌လည်း ဈာန်ရှင် အထက်တန်းစားသာ ဖြစ်ရာ၏။

ဉာဏ သီလတို့ဖြင့် ကိုယ် နှုတ် နှလုံး စောင့်သုံးနိုင်ပါသော်ကား ဤဘဝ၌လည်း လိုတရ၊ သံသရာ၌လည်း လိုတရချည်းသာ ဖြစ်ရာ၏။

## မကြည့်သူ မပြလေနှင့် မသိသူ မ,မ လေနှင့်

မော့၍ မကြည့် လှည့်၍ မတုံ့ပြန်သော သူသို့
မိမိလက် နှစ်ဖက်တို့ဖြင့် ဝှေ့ဝိုက် ပြလျက်က
ငါ့လက်ထဲမှာ စိန်၊ ရွှေ၊ ငွေ၊ ရတနာတွေ ဟော

http://www.dhammadownload.com



သလောက်ကြီး ရှိတယ်။ ဤသို့ ပြောပြသော် အချည်းနှီး အလကား အရာ မရောက်ဘိသို့...

လောကမှာ မယုံသူ၏ရှေ့ မိမိ၏ အစွမ်းသတ္တိများကို ထုတ်ဖော် ပြသနေလည်း အချည်းနှီးမျှသာ၊ မခံမင်သူ၏ ရှေ့ ဟန်အမူအရာ အမျိုးမျိုး မည်မျှပင် လုပ်ပြနေသော်လည်း အချည်းနှီးမျှသာ။

ထိုမယုံချင်သူ မခံမင်သူတို့၏ ရှေ့ဝယ် မလှုပ်မယှက် လက်ရိုက်မဲ့သော စည်တစ်လုံးကဲ့သို့ နေတတ်ရာ၏။

[ ၄င်း စာ-၅၄ ]

## ပြောသလောက်လွယ် သွယ် မင်းဖြစ်

ရှိပြီးသားအရာ ကြည့်ရုံမျှသာ ဖြစ်သော တရားရှု သိမှုမျိုး၌ အပြောသည် ခက်၏။ အလုပ်ကား လွယ်၏။

မရှိသေးသော သူ့ထံရှိ ပစ္စည်းများကို ကိုယ့်ထံသို့ လာရန် အားထုတ်ရာမျိုးတို့၌ကား အပြောလွယ် သလောက် အလုပ် မလွယ်ချေ။

အပြောသည် လေ၊ အလုပ်သည် လက်တွေ့၊

http://www.dhammadownload.com



လေသည် လွှတ်သလို ရသော်လည်း အလုပ်သည် ဆွတ်သလို ကျမလာတတ်သောကြောင့်တည်း။

[ ရှင်း စာ–၂၇ ]

## ဖလံကောင် မီးကြိုက်မျိုး ရှေတ်ပိုးက မဖြုံ မဖြုံ

သခင်ကျွေးမည့် အစာကို တစာစာ တောင်းခံလေ့ ရှိသော ကြောင်နှင့် ကျွေးချိန်ကို အသင့်စောင့်နေသော ခွေး၊ တကယ့်တကယ် ကျွေးသောအခါ

ကြောင်တစ်နပ်နှင့် ခွေးတစ်ဟပ်

ခွေးတစ်ဟပ် သာချေမည်။

အကယ်တိတိ ခွေးတစ်နပ်ဆိုလျှင်ကား ကြောင်သည်ကား ဆယ်နပ်၊ ဆယ့်တစ်နပ်ဖြင့်ပင် လိုက်မမီချေ။ သွေးထုနှင့် လေထု ခိုင်ခံ့မှုချင်း မတူသောကြောင့်။

[ ရှင်း စာ–၂၉ ]

http://www.dhammadownload.com



အထက်ပါ ခွေးနှင့် ကြောင်တို့၏ အစာဒဿန တွင် တွေးယူ ဆင်ခြင်ကြည့်စရာတွေ အများကြီး ပါလာမည် ထင်ပါသည်။ အတွေးဆန့်သလောက် ကျယ်ပြန့်လာနိုင်သော အခြေခံ အနှစ်ချုပ် သဘော ပါဝင်နေပါသည်။ ဤတွင် နီတိ၏ ကျစ်လျစ် ခိုင်ခံ့သော သဘောကိုပါ သတိပြု နည်းယူမိပါ တော့သည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ အောင်မြင်ရေး၏ သော့ချက်တစ်ခု ဖြစ်သော မေ့မွ နီတိ တစ်ခုကိုလည်း မေ့မွလက်ဆောင် ပေးလိုက်ပါဦး မည်။

## နေ့စာရင်း ညတွင်းချင်း စစ်ကြည့်ပါ

လူ့ဘဝသည် အနေတတ် အမြတ်ထွက်ပြီး အနေမတော် အရှုံးပေါ်သည်ချည်း ဖြစ်ရာ

နေ့တစ်နေ့၏ မိမိ ကြံစည်သော စိတ်ထား၊ နေ့တစ်နေ့၏ မိမိ ပြောထားသော စကား၊ နေ့ တစ်နေ့၏ မိမိ ပြုကျင့်သော လုပ်ကွက်များ ည အိပ်ရာမဝင်မီ နဖူး လက်တင် ဆင်ခြင်ကြည့်ပါ လေ။ ထိုသို့ ဆင်ခြင်ကြည့်တိုင်း

http://www.dhammadownload.com



- မိမိ၏ ကြံ၊ ပြော၊ လုပ် သုံးခုစလုံးတို့၌ ပင် လိုချင်စိတ်ထား အားကြီးနေသော ပြိတ္တာ သွားရန်၏ စရန်...။
- မသိမိုက်မှား အလိုက်စား လွန်နေသော တိရစ္ဆာန် သွားရန်၏ စရန်...။
- မလိုမုန်းထား အားကြီးနေခဲ့သော ငရဲသွား ရန်၏ စရန်...။

ထိုအပြန်... အလိုမမက် အမျက်မရှိ သတိ လက်စွဲ စိတ်နှင့်ကိုယ် အသိ မြဲနေခဲ့သော်ကား အထက်တန်းသွား လက်မှတ်များ ကြိုတင် ရထားပြီး သူ ဟူ၍သာ တစ်ထစ်ချ မှတ်ပါလေ။

[ ၄င်း စာ–၄၄ ]

http://www.dhammadownload.com

# လူနှင့်အလုပ်၊ အလုပ်နှင့်အသိ

ထမင်းနှင့်ဟင်း မကင်းသကဲ့သို့ လူနှင့် အလုပ်သည်လည်း မကင်းတရားဟု ယူသော် ရကောင်းပါသည်။

ဤနေရာ၌ အလုပ် ဆိုသည်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့်တကွ စီးပွားရှာရသော၊ ငွေရှာရသော အလုပ်မျိုးကို ရည်ညွှန်းလိုပါသည်။ ထိုအလုပ်မျိုး လုပ်ရာ၌လည်း သိသင့် သိထိုက်သမျှ

http://www.dhammadownload.com



ကို ဆရာတော်ဘုရားကြီးက နီတိ စကားအားဖြင့် လမ်းညွှန် လမ်းပြတော်မူခဲ့ပါသည်။ ငွေရှာခိုင်းသော ထိုလောက… အစရှိသော ငွေနှင့် ပတ်သက်သော ဆရာတော်ဘုရားကြီး၏ မှတ်စုမှတ်ရာ လင်္ကာ ကဗျာများ အကြောင်းကိုကား သီးခြား ဆောင်းပါး တစ်ပုဒ် ရေးခဲ့ပြီး ဖြစ်ပါသည်။

ယခု… အလုပ်နှင့် စပ်လျဉ်း၍ ဆင်ခြင်ဖွယ်တို့ ကို သီးသန့် တင်ပြလိုက်ပါသည်။

## အကြံထုတ် အလုပ် မရပ်သာ

လူတို့၏ တစ်သက်တာအလုပ် အကြံထုတ်ရ မှချည်းဖြစ်ရာ အကြံမှန်က အလုပ်ကောင်း၊ အကြံ စောင်း မကောင်းသရုပ် ပေါ်လာတော့သည်။ အကြံ ဖြင့် ပြီးသော ထိုလောကကြီး

သေသော်မှ အကြံက မပြီးစီးတော့ရာ သင်ကား ဘယ်အခါ အလုပ် နားရပါတော့အံ့နည်း။

[ ‘၉၉ ဖွဲလိုင်ထုတ်၊ သာရဏီယကထာ စာ-၉၃ ]

http://www.dhammadownload.com



## ပြင်းလွန်းသူ အာရုံမလိုက် တွေ့ရာနိုက် ပျင်းလွန်းသူ အာရုံနှစ်မြှုပ် အကောင်းကြိုက်

ဝီရိယ ထန်ပြင်း အလုပ်၌လက်ကြောတင်းတင်း လုပ်နေသူ အလုပ်စိတ်စိုက် အလုပ်၌ပင် တည်နေရကား စိတ်ပျံ့သမားတို့ အလုပ်ဖြစ်သော အာရုံလိုက်စားမှုကို မရှေးရှု။

ဝီရိယကင်း အလုပ် လက်ကြောမတင်းလေသူများကား ပြင်ပစိတ်စိုက် အာရုံနောက် လိုက်နေချေရကား စိတ်သန့်သမားများ၏ အလုပ်ဖြစ်သော အလုပ် ကြိုးစားမှုကို မလိုလား။

[ ရှင်း စာ-၉၂ ]

## တစ်စိမ်းရှိုင်း ပိုင်းမိ၊ တစ်ကျက်ရှိုင်း မှိုင်းဝိ

ပြင်ပ လူစိမ်း၏ မထိန်းသိမ်း မဆင်ခြင်မိရာမှ ဖြစ်သော ရှိုင်းစိုင်းမှုကြီးကို သာသာအေးအေး သတိသွေး သွင်းပေးတတ်က သတိပြည့်သည်နှင့် အသိဝင် အယဉ် ဖြစ်နိုင်သေး။

အတွင်းနေ မိမိ၏ မိသားစု သွေးသားထဲမှ ဖြစ်လာသော ရှိုင်းစိုင်းမှုကြီးကိုကား သာသာပေး

http://www.dhammadownload.com



ချေးတက်၊ နာနာပေး ချေးထွက်လာတတ်ရကား သံကျွတ် ဓားပုံသွင်းရသည့်ပမာ မယဉ်သည့်ပြင် စင်၍ပင် ထွက်နိုင်သည်။ စင်မထွက် မှိုင်းတက်၍ လည်း လာနိုင်သည်။

[ ရင်း စာ-၉၃ ]

## ဝေတော့ ဖန်ပါ အဝေခံ မဖြစ်ပါစေနှင့်

တစ်ဖက်လမ်း တည့်ပေးရာ ရောက်သော ဝေဖန်ခြင်းသည် ကောင်း၏။

အစောင်း... အကောင်း ဖြစ်စေချင်လွန်းလို့။

မိမိသဘော မတွေ့သဖြင့် ဝေဖန်ခြင်းကား မကောင်း၊ ထို ဝေဖန်ရေး တရားသည် သူနှင့် ကိုယ် အကြား မှန်ကန်ခြင်းဟူသော သဘာဝတရား ကြားခံ မထားဘဲ အသားလွတ် ဝါးလွတ် စွပ်စွဲခြင်း မျှသာ ဖြစ်ခြင်းကြောင့် တစ်ဖက်က တုံ့ပြန်၊ ကိုယ်ကား အဝေဖန်ခံသို့ ပြန်လည် ရောက်သွား စေနိုင်သည်။

[ ရင်း စာ-၉၄ ]

http://www.dhammadownload.com



## အလုပ်ခံ အကြံပေါ် ဉာဏ်တော် ဇောက်မနက်

လူတို့၏ အလုပ်သည် သတိမဖက် လောဘ သက်သက်နှင့်ချည်း ဝန်ဘက်၍ လွှတ်လေ့ရှိရာ အလုပ်ကြီးလေ အလိုကြီးလေလည်း ဖြစ်တတ်စွာ၏။ အလုပ် မတွင်လေ မာန်ဝင်လေလည်း ဖြစ်တတ်စွာ၏။

လောဘမှန် မာန်မကင်းရာ

လောဘနှင့် မာန် အခံရှိထားသော်

သဘောမကျ ဒေါသ၊ သဘောကျ မောဟချည်း ထပ်ပိုးဝင်မည်။

သဘောမရ သောက၊ သဘောရ သောမန လည်း ထပ်ပိုးဝင်မည်။ ထိုသည့် အလုပ် မည်သို့လျှင် ဟုတ်နိုင်တော့မည်နည်း။ ထိုသည့် အကြံ မည်သို့ လျှင် မှန်နိုင်ပါ့မည်နည်း။

[ ရင်း စာ–၉၅ ]

(ဤတွင် ဆရာတော်ဘုရားကြီး၏ နဘောထပ် ကဗျာ အသုံးများကိုလည်း တစေ့တစောင်း လေ့လာ နိုင်ပါသည်။ သဘောမကျ ဒေါသ... သဘောရ သောမန စသော စကားလုံးများသည် ဓမ္မ လမ်းညွှန်

http://www.dhammadownload.com



သဘောကို အံ့ဝင်ခွင်ကျ ပြောပြနေပါသည်။ ဆရာတော် ဘုရားကြီး၏ နီတိ ခေါင်းစဉ်များမှာကား ထိလည်း ထိရောက်သည်။ ကဗျာလည်း ဆန်သည်။ မြန်မာလည်း ဆန်သည်။ စကားပုံလည်း ဆန်သည် ဟု ဆိုချင်ပါတော့သည်။)

## ရှင်လိင်ပြန် တစ်ခြမ်းပဲ့နဲ့ အခန်းလှည့် အောင်ပွဲခံ

- အသည်းကျွမ်းအထိ ရောဂါ ကျွမ်းလျက်က အရက်ခန်း မပြတ်နိုင်သူ၊
- ရှိစည်းစိမ် အကုန် ပြုတ်သော်မှ ဖဲအလုပ် မစွန့်လွှတ်နိုင်သူ
- သိက္ခာကုန် ဂုဏ်မှေးမှိန်သော်မှ နိုင်ငံရေး အကွက် ဆက်လက် ရှိသူ

ထိုသူအားလုံးတို့သည် မိမိတို့ ဝါသနာ မစွန့်လွှတ်နိုင်သောကြောင့်သာ ဖြစ်တန်ရာသည်။

[ ၄င်း စာ-၉၁ ]

http://www.dhammadownload.com



## ကိုယ်သွားမှာသွား သူ့ဖဝါးကြား ခေါင်းထိုးမထားနှင့်

ကျင့်စဉ် တစ်ယူသန်သဖြင့် အစွန်းရောက် ဘာသာရေးသမား တစ်ဦး လမ်းစဉ် မှုမမှန်သဖြင့် အစွန်းရောက် ဝါဒရေးရာ သမားတစ်ဦး... ထိုနှစ်ဦး သည် မိမိ၏ ယုံကြည်ရာ လမ်းအတိုင်း အဖြောင့် မသွားတတ်။

မိမိနှင့် ပြိုင်ဘက် တစ်ဖက်၏ မကောင်း ကြောင်းကိုလည်း ဟောပြောလျက်က ပုတ်ခတ် နေတတ်၏။ ကိုယ်ထိ လက်မြောက် ဖျက်လို ဖျက်ဆီးလည်း ပြုကျင့်တတ်၏။ ထိုသို့ ပုတ်ခတ် ဖျက်ဆီးသဖြင့် တစ်ဖက်၌ အပုပ် ထမည်၊ ပျက်စီး မည်ကား မသေချာ။ မိမိမှာမူကား မကောင်းကြောင်း ပြောမိလေတိုင်း မိမိပါးစပ် မကောင်းနံ့ ထွက်နေ တတ်ပြီး အပုပ်ကပ် နေချေပြီ။ တစ်ဖက် ဖျက်ဆီးမိ လေတိုင်းလည်း မိမိက ဦးစွာ ပျက်စီးနေတတ်လေ ချေပြီ။

http://www.dhammadownload.com



ပမာ... ဗုဒ္ဓဘာသာကို ဖျက်ဆီးမိသော် မိမိစိတ်ဝယ် ဗုဒ္ဓစိတ် ကပ်လာပြီး မိမိဘာသာ စိတ်ပျက်စီးနေတော့ခြင်း၊ မိမိကိုယ်၌ မာန၊ ဒေါသတို့ ဖျက်ဆီးခံနေရသဖြင့် တလှပ်လှပ် ပျက်စီးနေခြင်းများ မုချ ခံနေရပြီတည်း။

ကြွင်း... စီးပွားရေး၊ လူမှုရေးနယ်ပယ် စသည်တို့၌လည်း ထိုနည်း စရိုက်သာ ဖြစ်ချေတော့၏။ သို့ကြောင့်

- ဘာသာရေးကောင်းသမား ဖြစ်ပါမူ ကိုယ်ယုံကြည်ရာ လမ်းအတိုင်း တစ်ဖြောင့်တည်း တွင်တွင် သွားခြင်းသည်သာ ခရီးရောက်မည်ကို သတိမူလေ။
- စီးပွားရေး၊ လူမှုရေးသမားကောင်းတို့သည်လည်း ကိုယ့်ဖဝါး ကိုယ်ချ ကိုယ့်လမ်းစ ကိုယ်နင်း၍ လျှောက်ခြင်းသည်သာ လက်ကျန်ကောင်းမည်ကို သတိမူပါလေ။

[ ၎င်း စာ-၁၀၃ ]

http://www.dhammadownload.com



(ဆရာတော်ဘုရားကြီးက နိတိ အညွှန်းကို ခေါင်းစဉ်ဖြင့် ညွှန်းရုံသာမက လိုအပ်လျှင် အထက်ပါအတိုင်း ဆွဲဆန့် ရှင်းပြတော်မူလေ့ ရှိပါသည်။ လူနှင့် အလုပ်တို့မှ ဆက်စပ် ဖြာကျလာသော အတွေးနှင့် အရေးများကို ဆက်လက် ဖော်ပြလိုက်ပါသည်။)

## တစ်ဖက်သတ် အမြတ် ကိုယ့်ဗိုလ်ချည်း

လူတစ်ကြော... လူလူချင်း ရောကြရာဝယ် တစ်ဖက်သတ် ဆန်လေမှ ကိုယ့်တွက်ကျန် အမြန်ကြီးပွားမည်။

ဖြောင့် မဖြောင့် ကြည့်ရာ၌ မျက်လုံး တစ်ဖက်မှိတ် မြားထိပ် ကြည့်နည်း သုံးရမည်။

ခတ်ဖက်ကင်းလိုရာ၌ လက်ကောက် နှစ်ကွင်း တစ်ဖက်လျှင် တစ်ကွင်းကျ ဝတ်နည်း သုံးရမည်။

ကြီးပွားတိုးတက်စေလိုရာ၌... ရောင်းလျှင် ငွေ၊ ဝယ်လျှင်ကုန် အမြတ်ထွက် ပုံသေနည်း သုံးရမည်။

စီးပွားမည်သည် လောကီဖြစ်စေ၊ လောကုတ်ဖြစ်စေ ကိုယ်ချင်းစာနာတတ်သည်။ ကိုယ်ချင်း မစာလေမှ အသာရချေသည်။

http://www.dhammadownload.com



တစ်ကိုယ်ကောင်းသည့် ကိုယ့် တစ်ကိုယ် ကောင်းရန်ပင်။

ကိုယ့်ကိုယ်မှ မကောင်း သူ့ကိုပဲ ဘယ်သို့မှ ကောင်းအောင် ပြုနိုင် ပြင်နိုင်ချိမ့်မည်နည်း။

[ ၄င်း စ–၅၉ ]

## လေကြီးလျှင် မိုးမလိုက် လိုက်သော်မှ တစ်ဖြိုက် နှစ်ဖြိုက်

ကျောင်းသား မပါဘဲလျက်က ဘာသာရေး စကား များများ ပြောဆိုနေသူသည် မဟုတ်ရာ လုပ်တော့ မလို့ တာစူနေခြင်းမျှသာ။

ဓွဲ လုံ့လထုတ် မကြိုးကုတ်ဘဲလျက်က စီးပွား ရေးစကား များများ ပြောဆိုတတ်သူလည်း တစ်ဖက် အယုံသွင်းပြီး စီးပွားဖြစ် ညှဉ်းချင်နေ၍သာ။

[ ၄င်း စာ–၆၈ ]

## နေးလျှင်အိ အတိနာ အညှာ ကျွတ်ရတတ်

ကိစ္စတစ်ခု ပြုကျင့်ရာတိုင်းတို့၌ နေးနေးကွေး ကွေးလည်း အချိန် မဆွဲသင့်၊ လေးလေးတွဲ့တွဲ့ဖြင့် လည်း မဖွဲ့ချည်သင့်။

http://www.dhammadownload.com



နွေးနွေးကွေးကွေး အချိန်ဆွဲ ပြုကျင့်နေသော် တစ်ဖက်၌ အနာပေါ်တတ်ရာ မခံနိုင် ထအော်ခံရ တတ်လွန်း၍...

လေးလေးတွဲ့တွဲ့ဖြင့် ဖိနှိပ်ထားမိလျှင်လည်း တစ်ဖက်၌ တစ်ခဏချင်း လေးပိခြင်းဒဏ် အလူး အလဲ ခံရရှာတော့ရာ မပြီးခင် အနှင့်ခံရတတ် လွန်း၍...။ ။

[ ၎င်း စာ-၇၇ ]

http://www.dhammadownload.com

# ဘဝ၏ရွှေစည်းမျဉ်းများ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် လောကဓမ္မ နှစ်ဌာနလုံးကို အတွင်းရော အပြင်ပါ ဟုတ်တိုင်း မှန်ရာ ရှုမြင်၍ ဆင်ခြင်ဖွယ်ဖြစ်အောင်မျှမက လိုက်နာ ကျင့်သုံးဖွယ် ဖြစ်အောင် ကလောင်စွမ်းပြ ဓမ္မအမွေ ပေးတော်မူခဲ့ပေပြီ။ လောကကို ရှုမြင်ရာမှ လောကအတွင်း အပြစ်ကင်း အကျိုးရှိ နေတတ်ရန် ညွှန်ပြသည်။ မိမိကိုယ်ကို ရှုမြင်ရာမှ ဘဝ၏ အပြစ်အနာအဆာများကို သန့်စင်စေပြီး မြတ်သော နေနည်းကို ညွှန်ပြ

http://www.dhammadownload.com



သည်။ မိမိနှင့် လောကကို ဆက်စပ်ပေးရာ၌ လည်း အမြတ်ထွက်သော ဘဝနေနည်းကိုပင် လမ်းပြတော်မူသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ သာရဏီယကထာ ခေါ် ဓမ္မအကျဉ်းပြ နီတိစကားများကို 'ဘဝ၏ ရွှေစည်းမျဉ်းများ' ဟု အမွှမ်းတင်ရပါသည်။ ဤရွှေစည်းမျဉ်းများကို တကယ် တိတိကျကျ လိုက်နာ ကျင့်ဆောင်နိုင်မည် ဆိုပါလျှင် ဘဝမှာ အရှုံးမရှိ၊ အမြတ်သာလျှင် ကိန်းသေ ရှိသည်ဟု ဆိုရပါသည်။

## အမြောက်မခံလေနှင့် အချခံရတော့မယ်

အလေးမသမားသည် မြှောက်မရသေးက တိုး၍ တိုး၍ မနေတတ်၏။

အဲ... မြှောက်လို့ ရပြီလား... ချပြီသာမှတ်၊ လောက လူတိုင်းလျှင် မြှောက်ပြီး အချခံနေကြသူ ချည်းပင်။ လူကြီးလေလေ... အမြှောက် ကြိုက်လေလေ၊ အမြှောက်ခံရလေလေ... အချခံရ လေလေ ချည်း။

http://www.dhammadownload.com



အမြော်ကက် မကြိုက်သူ ဘုရားနှင့် အရိယာများသာ အချ လွှတ်ကြရ၏။

['၉၉ အောက်တိုဘာထုတ်၊ သာရဏီယကထာ စာ–၁၄ ]

## အိမ်အပြင် သူခိုးက မိသမျှသာခေါင်
## အိမ်တွင်းသူခိုးမှ ရှိသမျှ အကုန်ပြောင်

အပြင်မှ လာသည့် ရန်သူကို ငါ မကြောက်ပါ။ လာလိုက လာ၊ သူခိုးက သူခိုးလို၊ ဓားပြက ဓားပြလို၊ သူတို့ အလုပ် သူတို့ လုပ်ပြီး ပြန်ကြသည် သာ။

အတွင်းရန်ကိုကား ကြောက်ပါသည်။ ၎င်းကား ရန်သူမှန်းပင် မသိရဘဲနှင့် ပိရိစွာ ဖျက်ဆီး မွေနှောက်လျက် တစ်သက်လုံး အိမ်ပေါ်က မဆင်းဘဲ ခိုးစားနေတတ်သောကြောင့်တည်း။

[ ၎င်း စာ–၁၄ ]

## ကုန်းမြင့်ကို တောင်မထင်နှင့်

သည်နေရာ 'ငါ အတော်ဆုံး' လို့ ကြွေးကြော်မိလျှင် 'သင့်ထက် တော်သူ နောက်မှာ တစ်ပုံကြီး' ဟု ပဲ့တင်သံက ပြန်လိမ့်မည်။ နွားချေးပိုးက အရက်

http://www.dhammadownload.com



မူးပြီး နွားချေးပုံပေါ်ကတက်ပြီး အော်ဟစ် သလိုသာ ဖြစ်လိမ့်မည်။

သင့်ထက် မြတ်၊ သင့်ထက်တော်တို့ ပေါ်ပြီး ပေါ်ဆဲ ပေါ်လတ္တံ့မို့ မာန်ဝင်မှုခေါ် မိမိကိုယ်ကို အထင်ကြီးမှုကို ပယ်ရာ၏။

[ ရှင်း စာ-၁၅ ]

## သူတစ်ပါး ထိပ်ပေါ်မှာ နေချင်လျှင်
## သူတစ်ပါး ဖဝါးအောက် ဝင်ပါ

သူတစ်ပါးနှင့် ဆက်ဆံလျှင် မာန်ကို ချ၍ ဆက်ဆံလေ။

မာန်ဝင်နေလျှင် အမှန်ကို မမြင်ရတော့၍ သူတကာ ပြောသမျှ ခေါင်းငြိမ့်ရသည့်ဘဝ ရောက်ရ တတ်သည်။ သတ္တဝါတိုင်း မာန်နှင့် ထင်းလင်းသာ ရှိ၏။ အနိုင်မပေးလို။ သို့သော် အရှုံးပေးဖို့ ဝန် မလေးတတ်။

ရှင်းတို့ထံမှ အနိုင်ရလိုသော် မပြိုင်ဘဲ အရှုံးသာ ပေးလိုက်ပါ။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



အနိုင်သည် မိမိလက်ထဲ အလိုလို ရရှိလာစမြဲပင်။ အနိုင်ယူလိုသူ အရှုံးပေးက နှလုံးအေးရသည်ကို သတိပြုလေ။

[ ၄င်း စာ–၃၄ ]

## အမြွတ်လိုချင်လျှင် ရောင်းဈေးနှင့် ဝယ်ဈေးလွဲထား

ကုသိုလ်လုပ်၍ ကောင်းကျိုးရသည်မှာ အမြွတ်မထွက်သော အရင်းသာ ရှိချေသေး၏။

အကုသိုလ်လုပ်၍ ဆိုးပြစ်ခံရသည်မှာလည်း အရှုံးမပေါ်သော အရင်းသာ ရှိချေသေး၏။

အကယ်၍သာ ကုသိုလ်လုပ်ရာမှာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ကုသိုလ်ထူး သုံးမျိုးထဲသို့ ဆက်လက်ဝင်နိုင်လျှင်ကား အမြွတ်ထွက်ပြီ။ အကယ်၍များ ကုသိုလ် လုပ်ရင်းက အာရုံမထားတတ်၍ အကုသိုလ်စိတ် ပါဝင်လာပါမူကား ခွက်ခွက်လန်ကြီး အရှုံးပေါ်ပြီသာမှတ်။

[ ၄င်း စာ–၁၇ ]

http://www.dhammadownload.com



# မစင် တစ်စက်က ထမင်း တစ်ခွက်ကို ဖျက်နိုင်သည်

ပြုခဲ့သည့် ကောင်းမှုအပေါ် သူကောင်းပြုလုပ်၍ ဆယ်၊ ရာ၊ ထောင်ပင် ကျော်သွားပါစေ။ ယနေ့ ကျူးလွန်မိသည့် မကောင်းမှု တစ်ကြိမ်က ကျွမ်းမှောက်အောင် ဖျက်ဆီးနိုင်စွမ်း ရှိ၏။ အကြောင်းမှာ ကာယကံရှင် ကိုယ်တိုင်က ကောင်းမှုပြုစဉ်တုန်းက စေတနာထက် မကောင်းမှု ပြုချိန်က စေတနာက ထက်သန် အားကြီးမှု အရှိန် ကြီးမားနေသည်က တစ်ကြောင်း၊ ပတ်ဝန်းကျင်က အကောင်းကို ချီးကျူးမိလျှင် 'မိမိထက် သာပါသည်' ဟု ဝန်ခံရာ ရောက်ချေသဖြင့် အကောင်းတွေ့က မသိကျိုးကျွန်ထား၊ အဆိုးတွေ့မှ အော်လားဟစ်လားလုပ်မှုက တစ်ကြောင်းတို့ကြောင့်ပင်။

## ချက်ဆားကို သကြားလို ချိုမှာဝယ်

အိပ်မှု၊ ကာမမှု၊ မစင်စွန့်မှု အညစ်သုံးမျိုးတို့ကား နေရာမရွေး ပြုကျင့်ရ၏။

http://www.dhammadownload.com



ကာမမှု၊ မစင်စွန့်မှုတို့ကား လူသာ ကွယ်ပါစေ၊ နေရာမရွေးပြီ။ သို့အတိုင်းသာ ဖြူစင်စေမှု၊ တရားမြတ်ကိုလည်း ပြုကျင့်နိုင်မည်ဆိုလျှင်ကား အကျိုးထူးလည်း အချိန်နေရာမရွေးပြီ။

[ ၄င်း စာ–၁၉ ]

## စိတ်လေ့ကို ကိုယ်တွေ့ လိုက်မမီ

လိုချင်သည်ကို စိတ်ကူးဖြင့် ခံစား သုံးဆောင်ကြည့်နေခြင်းသည်

မလိုချင်သည်ကို ကိုယ်တွေ့ ခံစားနေရသူထက် ယုတ်ညံ့သည်။

သုံးချင်ပါလျက်နှင့် မသုံးဘဲ နေသူ၏ စိတ်ပြစ်များမှုကား

မသုံးချင်ဘဲလျက် သုံးနေရသူ၏ ကိုယ်ထိလက်ရောက်မှုထက် အပြစ် ကြီးလေးလှချေ၏။

[ ၄င်း စာ–၈၄ ]

## လှလျှင် ပျက် ရလျှင် အခက်

အလှပြုလုပ်ထားသော ရတနာများနှင့် သဘာဝပန်းတို့သည် ခိုင်ခန့်မှု မရှိ၊ လှပမှုနောက် နုနယ်မှု

http://www.dhammadownload.com



အစဉ် ရောက်တတ်သဖြင့် အကိုင်လည်း မခံ၊ အတွယ်လည်း မခံနိုင်။

ထိုပစ္စည်းမျိုး ရယူ သိမ်းပိုက်သူသည်ကား အလှကြည့်သက်သက်မျှသာ ဖြစ်သဖြင့် သုံးစွဲရန် မဖြစ်နိုင်ပြီ။ သုံးလျှင် ပျက်၊ စွဲနေလျှင်လည်း မက်လွန်းလှသဖြင့် အခက် ကြုံရတတ်သည်။

မယားလှလှ၊ သားလှလှ ရသူတို့သည်လည်း အလှရိပ်ခိုကာ မျိုမကျ၊ ထွေးမပစ် ဖြစ်တတ်၏။

လင်လှလှ၊ သခင်လှလှ ရသူတို့သည်လည်း အလှပင် စိုက်လျက်က အလှသီး မစားရ ဖြစ်တတ်သည်။

[ ၄င်း ၈၁–၈၈ ]

## မိုးရေသန့ ခံသူပေါ

ရှားသောမိုး၏ မိုးရေပေါက်တို့ ကျရောက်သော အခါ အလွန်သန့်သော မိုးရေပေါက်မျိုးကိုသာ လူတို့သည် တံစက်မြိတ်အောက်သို့ ရေခံလေ့ ရှိကြ၏။

အကျိုးပေးသန့်၊ အတိတ်ကံ သန့်သူတို့၏ အပြောအဆို အငေါက်အငမ်းကို လည်းကောင်း၊

http://www.dhammadownload.com



အကြမ်းအတမ်း အတွေ့မျိုးကို လည်းကောင်း၊ တစ်ဖက်သားတို့ ခါးစည်းကာ မညည်းမညူ ခံတတ်ကြချေ၏။

ထိုသူအဖို့ ကြမ်းသလောက် အကျိုးပေးကောင်းပြီး ကောင်းသလောက်ပင် ညက်စေတတ်ချေ၏။

[ ရှင်း စာ–၉၂ ]

## မသီးခဲသဖြင့် အပင် မလှဲနှင့်

စီးပွား မဖြစ်သဖြင့် အကျင့် မပျက်သင့်၊ ကိုယ်ကျင့်ပျက်က ပို၍ပင် ဆိုးဝါးလာတတ်ချေသေး၏။

ပညာမရသူသည် သင်ဆဲပညာကို လက်လျှော့သော်လည်းကောင်း၊ တရားရှာသူသည်လည်း ကျင့်ဆဲတရား၌ဆန္ဒ ခန်းခြောက်သော်လည်းကောင်း... တိုးကား တိုးမလာပြီ။ အဆိုးကြားမှ အဆိုး ပေါ်မည်သာတည်း။

[ ရှင်း စာ–၉၄ ]

http://www.dhammadownload.com



## သိလျှင်မှား ထိလျှင် ယား ဖိလျှင် ပြားသွားမည်

လောကီကိစ္စ၌ ရှစ်စပ်က လည်လေလေ မှား လေလေပင်။

လောကီကိစ္စ မှန်သမျှ ပညတ်၌သာ သောင်တင် နေတတ်၍ ထိုမှားသော အသိဖြင့် တစ်ဖက် အာရုံတို့ နှင့် တွေ့ထိချေသော် ထိလေလေ ကိလေသာ ကြွ လေလေဖြင့် စိတ်ယား၊ ကိုယ်ယား ဖြစ်တတ်၏။

ထိုယားစိတ်ဖြင့် တစ်ဖက်သို့ အကြိုက်ချင်း အလိုက်ပေး ထိရသော်ကား တစ်ဖက် အာရုံတို့၏ ဖိနှိပ်တိုင်း ဘဝပြား၍ ခန္ဓာပါ လုံးပါး ပါးရချေ တော့၏။

[ ၄င်း စာ–၉၉ ]

## ပြားလျှင်ပါး ပါးလျှင်ပေါက် ယားလျှင်မှား မှားလျှင်ပေါက်

တစ်ဖက် အာရုံတို့၏ အဖိခံရမှုကြောင့် ဘဝပြား ၍ လုံးပါး ပါးနေသူတစ်ယောက်၊ ပါးသလောက် ပေါက်တတ်၏။ စိတ်မလုံ ကိုယ်မလုံဖြင့် ဣန္ဒြေ မရ ဖြစ်တတ်၏။

http://www.dhammadownload.com



အာရုံတို့အကြား စိတ်ကစားမိသဖြင့် သွေးလေချောက်ချား၊ သွေးယားပေါ်မှုကြောင့် လိုစိတ်မကင်းသမျှ လိုရင်းကိုသာ တွေးနေတတ်ပြီး မှားယွင်းတတ်ချေ၏။ မှားယွင်း၍ မှောက်မိသော် မျက်နှာအောက်စိုက် နေတော့သဖြင့် အောက်၏အကြောင်းချည်းသာတည်း။

ပါးလျှင် ပေါက်၊ မှားလျှင် မှောက်၊ အောက်ကျရချေမည်။

[ ၎င်း စာ–၁၀၀ ]

ဤသို့လျှင် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဓမ္မအကျဉ်းပြ နီတိစကားများဖြင့် အမှာထား ရေးသား ညွှန်ကြားပါခဲ့သည်ကိုသင့်နိုးရာ၊ ကောင်းနိုးရာ လက်လှမ်းမှီရာ ထုတ်နုတ်၍ တင်ပြလိုက်ပါသည်။ ဆရာတော်ဘုရားကြီး၏မူရင်းကျမ်းများနှင့် အလှမ်းဝေးနေသူ ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့အတွက် မျက်ခြည်မပြတ် သတိကပ်၍ သုံးသပ် ဆင်ခြင် ဘဝသံသရာခရီးနှင်လေရာတွင် လမ်းစဉ်မြေပုံညွှန်းမျိုးကဲ့သို့

http://www.dhammadownload.com



တန်ဖိုးရှိ၊ တန်ဖိုးသိပြီဆိုလျှင် ကြိုးစား တင်ပြရကျိုး နပ်ပြီဟု ယူဆပါကြောင်းဖြင့်...။

ကြည့်သောသူ မြင်၍ မြင်သောသူတိုင်း သိကြပါစေ...။ ။